# နှငတောကြူ

သိုင်းဒုနှစ်ကျချီး

ပ+၃

နှစ်အုပ်တွဲ



# နန္ဒကျော်သူ

## သိုင်း ခုနစ် ကျမ်း

( ဒုတိယ ဇာတ်သိမ်းပိုင်း )

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေး ကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

## နော်ဂင်တ

---

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံးသာယာလှပနေ၏။

တောက်ပနေသော နေရောင်ခြည်အောက်တွင် တောလမ်းကလေးအတိုင်း လူတစ်ယောက် ခပ်သုတ်သုတ်ခရီးနှင်နေ၏။

ထိုလူမှာ ကျင်ဝဖြစ်သည်။

ကျင်ဝသည်ကျူတောင်သို့ ဦးတည်ခရီးနှင်နေခြင်းဖြစ်၏။

ကျူတောင်ပေါ်တွင် ပြိုင်ဘက်အောင်း သိုင်းဆရာကြီးရဲ့

ကျော်၏တပည့် ခုနစ်ယောက်တွင်ပါဝင်သည့် လူသန်ကြီးစန်တု

နေထိုင်သည်မဟုတ်ပါလား။

ကျော်ဝသည် လူသန်ကြီးစန်တုထံသို့ ဦးတည် ခရီးနှင်နေ ခြင်းဖြစ်လေသည်။

ကျော်ဝသည် တောလမ်းအတိုင်းဖြတ်သန်းခရီးနှင်လာရင်း နေစောင်းသွားသောအခါ လမ်းခွတစ်ခုသို့ ရောက်ရှိလာ၏။

ထိုလမ်းဆုံလမ်းခွတွင် စားသောက်ဆိုင်များ၊တည်းခိုခန်း များရှိနေသည်။

မိုးချုပ်တော့မည်ဖြစ်၍ ကျော်ဝသည် ရှေ့ခရီးမဆက်ဘဲ စားသောက်ဆိုင်နှင့် တည်းခိုခန်းတွဲလျက်ဖွင့်ထားသော ဆိုင် တစ်ဆိုင်သို့ ဝင်ရောက်ကာ စားသောက် တည်းခိုလိုက်သည်

သို့ဖြင့်—

ညဉ့်နက်ပြီဖြစ်လေသည်၊

ကျော်ဝ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်။



ထိုသို့အိပ်ပျော်ရင်းအိမ်မက်တစ်ခုမြင်မက်နေ၏၊

သူ၏ အိပ်မက်ကတော့ ဆိုးဝါးလှသော အိပ်မက်ဆိုးတစ် ခုဖြစ်ပေတော့သည်။

x x x

တောအုပ်တစ်ခုအတွင်း၌ဖြစ်လေသည်၊

တောအုပ်ထဲမှ မြေကွက်လပ်တွင်ကျောက်တုံးကြီးတစ်ခု ရှိလေသည်။

ထိုကျောက်တုံးကြီးပေါ်၌ လူတစ်ဦးထိုင်နေ၏။

ထိုလူ၏ လက်ထဲ၌ ဗျပ်စောင်းတစ်ခု ကိုင်ထားသည်။

ဗျပ်စောင်းကို စိတ်ပါလက်ပါတီးခတ်နေခြင်းဖြစ်သည်။

ချိုလွင်သာယာသည့်စောင်းသံတို့ထွက်လာ၏၊ ထိုလူသည် စောင်းတီးခတ်ခြင်းအမှုတွင် နစ်မြောနေလေသည်။

ထိုလူသည်ကား မြို့ဘက်ကင်းသိုင်းသမားကြီး စန့်ကျန်၏ အမှတ် ၇ တပည့် လင်တိဖြစ်သည်။

လင်ထိသည် ကျင်ဝအားလူရှင်းသည့်တောအုပ်အတွင်းသို့ ခေါ်လာ၍ သူ၏ဗျပ်စောင်းပညာကို ပထမ လေ့ကျင့်ပေးနေခြင်းဖြစ်သည်။

ကျင်ဝကလည်း ငြိမ်၍နားထောင်နေ၏။

အမှန်ဆိုလျှင်—

သူက လင်တိထံသို့ ရောက်ရှိလာသည်မှာ ဆရာဖြစ်သူ ဝါပေ၏ အမိန့်ကြောင့် လင်တိ၏သိုင်းကျမ်းကို ရယူဖို့ဖြစ်သည်။

လင်တိ၏အိမ်ဂေဟာ၌ အကောက်ကြံဖို့ ဝါပေနှင့် တိုင်ပင်ထားသော်လည်း လင်တိက ညဘက်ရောက်သည့်အခါ တောအုပ်ထဲသို့သွားရန်ခေါ်သဖြင့် အစီအစဉ်ပျက်သွားလေသည်။

ကျင်ဝသည် လင်တိကို မျက်တောင်မခတ်ကြည့်နေပါ၏။ သူ၏စိတ်ထဲ မလုံမလဲဖြစ်နေသည်။



'ငါ ဒီနေရာကိုရောက်နေတာကို ဆရာမသိဘဲ ဆရာလင်တိအိမ်ကိုသွားနေရင် ဒုက္ခပါပဲ....

ဟု စိတ်ထဲ၌ညည်းတွားလိုက်မိသည်။

ထိုစဉ်

...သွား၊

'ခြင်'

...၊ တီးခတ်

စောင်းသံ ရပ်တန့်သွားသည်။

ကျင်ဝ ဆတ်ခနဲ သတိဝင်လာ၏။

...တိ ပေးပါတယ်

လင်တိကို ကြည့်လိုက်သည့်အခါ အလိုမကျသည့်...ရှိနေသည်ကို တွေ့ရသည်။

ကျင်ဝ ရင်ထိတ်သွားပြီး....

...ာ အကြောင်း

သိုင်းကျမ်းကို

'ဘာဖြစ်လို့လဲ ဆရာ—

ဟု မေးလိုက်သည်။

...မိပါ

လင်တိက

'ငါ့ရဲ့စောင်းကို မင်းယူကိုင်သေးလား....

ဟု မေးလာသည်။

ကျင်ဝ ပိုပြီးထိတ်လန့်သွားသည်။

လင်တီက

နေဦး ‘ပြောစမ်းပါဦး၊ မင်းယူကိုင်သေးလား–

ကျင်ဝ ခေါင်းညိတ်လိုက်သည်။

အမှန်ပါ....ဟုတ်ကဲ့၊ ယူကိုင်ပါတယ်ဆရာ....

သူက ပါဦး၊ မင်းကဘာကြောင့်ယူကိုင်ရတာလဲ....

ပေ၏ အမိ ါခင်ဗျာ၊ ရွှေဗျပ်စောင်းက ဆရာ့ရဲ့ အမြတ်နိုးဆုံး စ်ခုဖြစ်တယ်ဆိုတာ သိထားလို့ ဖုန်မတက်အောင် လင် သုတ်ပြီး သန့်စင်ပေးတာပါ....

ထား ကျင်ဝက အကျိုးအကြောင်းဆီလျော်အောင်ရှင်းပြလိုက် သည်။ ထိုအခါမှ လင်တီက ကျေနပ်သွားသည်။

‘အင်း၊ မင်းက ဖုန်သုတ်ပေးတာကိုး၊ ကောင်းတယ်၊ ကောင်းတယ်၊ ဒါပေမယ့် နောက်နောင်မကိုင်မိအောင်သတိ ထားရမယ်နော်—



ကျင်ဝက ဦးညွတ်လိုက်သည်၊

‘ဟုတ်ကဲ့၊ စိတ်ချပါဆရာ....

လင်တီက

‘မင်းကို မ ကိုင်စေချင်တာ တခြားကြောင့်မဟုတ်ဘူး၊ အကိုင်အတွယ်မတတ်ရင် စောင်းကြိုးတွေလျော့ပြီး တီးခတ်လို့မကောင်းတော့ဘူး–

ကျင်ဝက

‘ကျွန်တော် နောက်မကိုင်တော့ဘူးလို့ ကတိပေးပါတယ် ဆရာ’

ဟု ပြောလိုက်သည်။

အမှန်တော့လည်း နောက်ထပ် ကိုင်တွယ်စရာ အကြောင်း မရှိတော့ပါ။ ဗျပ်စောင်းထဲ၌ ဝှက်ထားသည့် သိုင်းကျမ်းကို ယူ၍ ခိုးယူထားပြီးပြီ မဟုတ်ပါလား။

ကျင်ဝ မလုံမလဲဖြစ်နေသည်ကို လင်တီကသတိမထားမိပါ ချေ။

ထို့မျှမကသေး။

ဝါပေ ခိုင်းသည့်အတိုင်း သူက ဆောင်ရွက်ထားပြီးပြီ မဟုတ်ပါလား။

ကျင်ဝသည် လင်တီအား မစံ့မရဲ ကြည့်နေမိလေသည်၊ လင်တီက

'စောင်းကြိုးတွေကိုပြန်ညှိရမယ်–

ဟု ပြော၍ စောင်းကြိုးကိုညှိလိုက်သည်။

ဤတွင်

'ထောက်..'

စောင်းကြိုးတစ်ချောင်းပြတ်သွားလေသည်။

'ဟင်'

လင်တီ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ဗျပ်စောင်းကို ငုံ့

ကြည့်လိုက်၏၊

အံ့ဩသည့်အသွင်ဖြင့် စောင်းကြိုးတို့ကို လက်ဖြင့် ဖိ၍ တီးလိုက်၏။

'ဗေါင် ဒေါင်....



'ထောက်....'

စောင်းကြိုးတို့သည်တစ်ခုပြီးတစ်ခုပြတ်တောက်သွား၏။

'ဒါ ဒါ ဘယ်လိုဖြစ်တာလဲ–

လင်တီက တတွတ်တွတ်ရေရွတ်လိုက်လေသည်။

အမှန်တော့ စောင်းကြိုးများ ပြတ်တောက်သွားရလေအောင် ကျင်ဝက သံပြတ်လွှငယ်တစ်ချောင်းဖြင့်တိတ်တဆိတ် တိုက်ထားသည် မဟုတ်ပါလား။

လင်တီက ကြိုးပြတ်နေသော ဗျပ်စောင်းကို တစ်လှည့် ကျင်ဝကိုတစ်လှည့် ကြည့်လိုက်သည်။

ကျင်ဝက နောက်ဆုတ်လိုက်သည်။

လင်တီ ဒေါပွသွားလေသည်။

'ကျင်ဝ၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ မှန်မှန်ပြောစမ်း'

ဟု ဟောက်လိုက်လေသည်။

ကျင်ဝက

'ကျွန်....ကျွန်တော်–

'ပြောစမ်း၊ စောင်းကြိုးတွေပြတ်သွားအောင် မင်း လုပ်ထားတာ မဟုတ်လား....

'ကျွန်....ကျွန်တော်–

ကျင်ဝ မနေဝံ့တော့ချေ။ ချာခနဲလှည့်ကာ ထွက်ပြေးလေသည်။

လင်တိ ဒေါပွသွားသည်။

'မင်းအပေါ် ငါက စေတနာထားခဲ့တယ်၊ မင်းက ငါ့ကို အနှောင့်အယှက်ပေးတယ်၊ ဒါဟာအကြောင်းရှိရမယ်၊ မင်း အမှန်အတိုင်းဝန်ခံရမယ်၊ ထွက်ပြေးလို့လဲ လွတ်မယ်မထင်နဲ့–

ဟု ဝေါက်ကာ ကျောက်တုံးပေါ်မှ ခုန်ထွက်လိုက်၏။

'ဟူး'

လေတိုးသံတစ်ချက် ထွက်သွားလေသည်။

လင်တိသည် ကျင်ဝ အနီးသို့ ရိုပ်ခနဲ ရောက်ရှိလာသည်။ ကျင်ဝကို လက်ငါးချောင်းဖြင့် လှမ်း၍ ကုတ်ဆွဲလိုက်သည်။

'အောင်မယ်လေးဗျ–



ကျင်ဝ အထိတ်တလန့်အော်၍ရှောင်လိုက်ရာ အရှိန်လွန်၍ မြေပေါ် လဲကျသွားလေသည်။

ထိုသို့ လဲကျသွားခြင်းကပင်လျှင် လင်တိ၏ လက်မှ ပွတ်ကာသီကာ လွတ်မြောက်သကဲ့သို့ ဖြစ်ရတော့သည်။

ကျင်ဝသည် မြေပေါ်သို့ အရှိန်ဖြင့်လဲသွားပြီး သုံးလေးပတ်မျှ ဆက်၍လှိမ့်လိုက်သည်။

လင်တိ ပိုပြီးဒေါပွသွားသည်။

'ငါ့လက်ထဲက လွတ်မယ်များထင်နေသလား..

ဟု ဝေါက်ရင်း လျှပ်တပြက်ခုန်အုပ်လာသည်။

ယခုတစ်ကြိမ်....

ကျင်ဝမှာ လင်တိ၏ လက်မှ လွတ်မြောက်စရာအကြောင်း မမြင်တော့ချေ။

ထိုစဉ်မှာပင်—

'ဟိတ်'

အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်။

လူရိပ်တစ်ခုသည် လျှပ်တပြက် ခုန်ဝင်လာပြီး လင်တိ၏ နောက်ကျောကို ခြေထောက်ဖြင့်ကန်လိုက်သည်။

မမျှော်လင့်ဘဲခံလိုက်ရသည်ဖြစ်ရာ လင်တိ မရှောင်နိုင်ပါတော့ချေ။

'ဝုန်း'

အလစ် တိုက်ခိုက်သူ၏ ခြေထောက်ကန်ချက်မိ၍ အဝေးသို့ လွင့်စဉ်သွားသည်။

ကျင်ဝ ယခုမှ အသက်ရှူ ချောင်သွား၏။

မြေပေါ်မှ ကပျာကရာ လူးလိမ့်ထ၍ လင်တိအား တိုက်ခိုက်သူကို ကြည့်၏။

ထိုအခါ သူမမျှော်လင့်သည့် ဆရာဖြစ်သူ ဝါဓပ ရောက်လာသည်ကို တွေ့မှ၏။

'ဆရာ'

ကျင်ဝ ဝမ်းသာအားရ ခေါ်လိုက်သည်။



သူမက လက်ကာပြ၏။
လင်တိ မြေပေါ်မှ ခုန်ထလာ၏။
သူမကို မယုံနိုင်စွာ ကြည့်ရင်း

'မင်း....မင်း'

သူမ ပြုံးမိ၏။

'လင်တိ ရှင်က လောကြီးတာကိုး၊ကျွန်မတပည့်ကို ထိရင် ကျွန်မက လက်ပိုက် ကြည့်နေမယ် မဟုတ်ဘူး ဆိုတာ သိဖို့ကောင်းတာပေါ့'

လင်တိက
'မင်း မင်းမသေသေးဘူးဟုတ်လား'
'ဟုတ်ပါတယ်ရှင်'

သူမ ခေါင်းညိတ်ပြသည်။

လင်တိသည် ကျင်ဝအား မကျေမနပ်ကြည့်ပြီး–

'လက်စသတ်တော့ မင်းက ငါ့ဆီ အကြံနဲ့ ရောက်လာတာကိုး'

ဟု ခေါ်၏။
ကျင်ဝဦးညွတ်သည်။

'ကျွန်တော်ဟာ ဆရာ့စကားကို တစ်သဝေမှတိမ်းနာခံခဲ့

ရပါတယ် ခင်ဗျာ'

ဝါပေရောက်လာသဖြင့် ကျင်ဝ စိတ်သက်သာရာ ရမိ၏။

လင်တိဏ ဝါပေဘက် လှည့်၍....

'ဝါပေ ခင်ဗျားက ဘယ်လို သဘောနဲ့ သေချင်ဟန် ဆောင်ပြီး ခုလို လုပ်ခဲ့ရတာလဲ၊ ပြောစမ်းပါဦး'

ဟု မေးလိုက်သည်။

သူမ ရယ်လိုက်၏။

'ကျွန်မဘာကြောင့် ဒီလို လုပ်ရတယ်ဆိုတာ ရှင်စဉ်းစားကြည့်ရင် သိနိုင်ပါတယ်ရှင်'

'ခင်ဗျား'

လင်တိဏ အော့်ဝေါက်ရန် ဟန်ပြင်ပြီးမှ စိတ်ထိန်းမိ၏။

ရုက်ချင်း သူ၏ ဗျပ်စောင်းမှ အံဝှက်ကို ဖွင့်ကြည့်သည်၊

အံဝှက်အတွင်း၌ ဟောင်းလောင်း ဖြစ်နေသည်ကို တွေ့ရလျှင် ခံပြင်းသွား၏။

'လက်စသတ်တော့ ကျုပ်ရဲ့ သိုင်းကျမ်းကို လိုချင်လို့ အဆောက်ကြံတာကိုး'



ဟု ပြော၏။

သူမက

'ကျွန်မ ဒီလိုမလုပ်ရင် မဖြစ်နိုင်လို့ပါ၊ ရှင်တို့က ဂိုဏ်းတူညီအစ်ကိုမောင်နှမအချင်းချင်း သိုင်းပညာဖလှယ်ဖို့ တောင်းဆိုခဲ့တာကို ဘယ်သူမှ လက်မခံဘဲ ငြင်းဆန်ခဲ့ကြတယ်'

သူ၏ မျက်နှာ ပျက်သွားသည်။

'ဝါပေ ခင်ဗျားက ဆရာ့စကားကို လျစ်လျူရှုပြီလား၊ ဆရာ့ကို အာခံတဲ့ သဘောလား'

သူမက

'မှင်ကြိုက်သလို ပြောနိုင်တယ်၊ ဆရာတီထွင်ခဲ့တဲ့ သိုင်းကျမ်းတွေကို လေ့လာဖို့ အဓိကပဲ'

လုံခံပြင်းသွားပြီး....

'ကောင်းပြီ၊ ခင်ဗျား လက်တွေ့ လေ့လာကြည့်ပေါ့'

စကားဆုံးလျှင် သူမထံသို့ လျှပ်တစ်ပြက်ခုန်ဝင်တိုက်ခိုက်လိုက်ကြသည်။

သူမတာလည်း လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်း၍ ပြန်လည်တိုက်ခိုက်၏။

ထိပ်သီးသိုင်းသမားကြီးများ ဖြစ်ကြသည်နှင့်အညီ သူတို့ တိုက်ပွဲမှာ ပြင်းထန်နေသည်၊

ကျင်ဝ ကပျာကယာ နောက်ဆုတ်၏။

သစ်ပင်တစ်ပင်ကို ကျောမှီ၍ တိုက်ပွဲကို ကြောက်လန့်စွာ ကြည့်မိသည်။

ဝါပေနှင့် လင်တိတို့ကား သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြ၏။

ပတ်ဝန်းကျင်တွင် လေတိုးသံများ တဟူးဟူး မြည်ဟာ ထွက်ပေါ်နေ၏။

မြေပေါ်မှာ ဖုန်နှင့်သဲများ တထောင်းထောင်း ထ၏၊

အနီးရှိ သစ်ကိုင်းများ ချုံပုတ်များ အပိုင်းပိုင်း ပြတ်၏၊

သူတို့သည် မြေပေါ်တွင် တိုက်ခိုက်နေရာမှ—



'ယား'

ဝြာသံပေး၍ လေထဲသို့ ခုန်တက်ပြီး တိုက်ခိုက်ကြသည်။

သူတို့၏ တိုက်ကွက်များသည် ဆန်းကြယ်သည်၊ထက်မြက်သည်၊ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေသည်။

လေထဲ၌ ကျွမ်းပစ်ရင်း သိုင်းကွက် ဆယ့်လေး ငါးကွက်မျှ တိုက်ခိုက်ကြပြီး မြေပေါ် ပြန်လည် ခုန်ဆင်းလာကြ၏၊

မြေပေါ် ခြေချမိလျှင်....

'ယား'

ပြိုင်တူ ဝြာသံပေး၍ လက်ဝါးနှစ်ဖက် ဆန့်ထုတ်ပြီး အတွင်းအားချင်း ယှဉ်ပြိုင် တိုက်ခိုက်လိုက်ကြပြန်သည်။

သူတို့၏ လက်ဝါး လေးဖက်သည် ကော်ဖြင့် ကပ်ထားသည့်အလား ပူးကပ်သွားသည်။

ကျင်ဝက အကဲခတ် ကြည့်ရင်း တိုက်ပွဲမှာ ပြင်းထန်ဆုံးအချိန်သို့ ရောက်ရှိလာပြီ ဖြစ်ကြောင်း နားလည်လိုက်သည်။

ဝါပေနှင့် လင်တိတို့သည် တစ်ဦးကို တစ်ဦး မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။

သူတို့၏ မျက်နှာများသည် ဖြူဘစ်လှည့် နီတစ်လှည့် ဖြစ်နေ၏။

ကျော်ဇသည် ဝါပေအတွက် စိုးရိမ်လာသည်၊

အကယ်၍

ဝါပေသာ ခြေချော် လက်ချော်ဖြစ်၍ ရှုံးနိမ့်သွားလျှင် သူတို့ဆရာတပည့်နှစ်ဦးလုံး ဒုက္ခရောက်ရမည် ဖြစ်သည်။

'ငါ....ငါ....ဘာလုပ်ရမလဲ'

ကျော်ဇ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပါသည်။

ထိုစဉ်....

'ကျော်ဇ မင်းဘာလုပ်နေတာလဲ'

ဝါပေ၏ အော်သံ ထွက်ပေါ်လာသည်ကို ကြားရ၏။

သူ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။



သူမကို လှမ်းကြည့်ပြီး-
'ဆရာ'
ဟု ခေါ်သည်။

သူမက-

'မင်း ဘာလုပ်နေတာလဲ၊ ဝင်တိုက်ပါတော့လား'

ဟု ဒေါသတကြီး ပြော၏၊
'ကျွန်တော်....'
'ခုချက်ချင်း ဝင်တိုက်စမ်း'

သူမက အကူအညီ တောင်းနေသည်ဖြစ်ရာ လင်တိအား ဖြတ်ဖြတ်သားသား အနိုင်ယူနိုင်မည် မဟုတ်ကြောင်းထင်ရှားနေပါ၏။

ကျော်ဇက မျက်လုံးပြူး၍ ကြည့်နေ၏။

ဝါပေက....

'ကျော်ဇ မင်းဘာလုပ်နေတာလဲ၊ အားလုံး ဒုက္ခ ရောက်ချင်လို့လား'

ဟု အော်ငေါက်ပြန်သည်။

သူက
'ထရာ—ကျွန်....ကျွန်တော်-'

'ဘာလုပ်နေတာလဲ၊ ခုချက်ချင်း ဝင်တိုက်စမ်း'

'ဟုတ်— တုတ်ကဲ့'

သူ မနေနိုင်တော့ဘဲ အင်္ကျီ လက်အိုးထဲ၌ ဝှက်ထားသော ဓားတစ်လက်ကို ဆွဲထုတ်၏။

'ယား'

ဩသံပေး၍ ပြေးဝင်ပြီး၊ လင်တီ၏ ဝမ်းဗိုက်ကိုထိုးမိ၏၊

လင်တီမှာ ကျင်ဝဏ ကြားမှ တိုက်ခိုက်လာသည်ကို တွေ့ရသော်လည်း ဝါပေနှင့်အတွင်းအားချင်း ယှဉ်ပြိုင်နေရသည် ဖြစ်၍ ပြန်လည် ခုခံတိုက်ခိုက်ခြင်း မပြုနိုင်ပေ။

'အား'
လင်တီက စူးရှစွာအော်မိ၏။
သူ၏မျက်နှာ ရှုံ့မဲ့သွားသည်၊

ဗိုက်မှ သွေးများ ယိုစီးကျလာသည်။



လင်တီ ဒဏ်ရာရပြီး အခြေပျက်သွားသည့် အချိန်လေး မှာပင် ဝါပေက ရိုက်ထုတ်လိုက်ရာ....

'ဝုန်း'

ကျယ်လောင်သော အသံ ထွက်ပေါ်လာပြီး လင်တီမှာ အဝေးသို့ လွင့်စဉ်သွားလေ၏။

Z Z Z

'အား'

ကျင်ဝသည် စူးရှစွာအော်ဟစ်ပြီး အိပ်ရာမှလန့်နိုးလာ၏။

သူ၏ တစ်ကိုယ်လုံး ချွေးများ စိုနေသည်။

ခြေဖျားလက်ဖျားတို့ အေးစက်နေ၏။

မှောင်မည်းနေသည့် အခန်းတွင်း၌ တိုဖိုသည်သည်ကြည့် မိသည်။

အိပ်မက်ထဲမှာကဲ့သို့ ဝါပေကို မတွေ့ပါ။
လင်တီကိုလည်း မတွေ့ရပါ။
သူ ပင့်သက်ရှိုက်လိုက်သည်။

လဲလျောင်းနေရာမှ ထလိုက်၏။

လှုပ်ရှားနေသော စိတ်အစဉ် ငြိမ်သက်သွားသည် အထိ အသက်ကို မှန်မှန်ရှူနေ၏။

အတော်ကြာမှ နေသားတကျ ဖြစ်သွားသည်။

ကျွင်ဝသည် ခုတင်ပေါ် ပြန်လှဲချလိုက်၏။

နဖူးပေါ် လက်တင်၍ အိပ်စက်ဖို့ ကြိုးစားမိသည်။

သို့သော် အတန်ကြာသည်အထိ အိပ်မပျော်နိုင်ဘဲရှိနေ၏။

မျက်စိထဲ၌ လင်တီ သေသွားရသည့် အဖြစ်ဆိုးကို မြင်ယောင်မိသည်။

သူ၏ လက်ချက်ဖြင့် လင်တီ ဒဏ်ရာရပြီး မရှုမလှ အရေးနိမ့်သွားခဲ့ရခြင်း ဖြစ်သည်။

လင်တီသည် အဝေးသို့ လွင့်စင်သွားကာ မြေပေါ်လဲကျသွားခဲ့သည်။



အတွင်းဒဏ် ပြင်းစွာရပြီး မလှုပ်နိုင်အောင် ဖြစ်သွား၏။

ဤတွင် ဝါပေသည် ရက်စက်စွာ သုတ်သင်ပစ်ခဲ့သည်။

ကျွင်ဝ သက်ပြင်းချမိသည်။

'ဆရာဟာ အတော် ရက်စက်တာပဲ၊ သိုင်း ကျွမ်းကိုလိုချင်တာနဲ့ဂိုဏ်းတူမောင်နှမချင်းတောင် ချမ်းသာမပေးပါလား'

ဟု ရေရွတ်မိသည်။

ဝါပေက သူ့အား အသုံးချ၍ ဂိုဏ်းတူ အစ်ကိုများထံမှ သိုင်းကျမ်းတို့ကို ရယူဖို့ ကြိုးစားနေခြင်း ဖြစ်သည်။

သူမ၏ အကြံ အောင်မြင်နိုင်မည်လား။

တစ်နေ့မဟုတ်တစ်နေ့ ဘေးတွေ့လိမ့်မည်ဟု ကျွင်ဝတွေးလာမိသည်။

'ငါ ဘာလုပ်ရမလဲ'

မည်သို့ပင် တွေးတောနေပါစေ အကြံ ထွက်မလာပါ။

သို့ဖြင့် မိုးစင်စင် လင်းသွားလေတော့သည်။

Z Z Z

နေမွန်းတည့်တော့မည်ဖြစ်လေသည်။

ပွပြင်းသော နေရောင်ခြည်အောက်တွင် ကျောက်တုံးကျောက်ခဲကြီးများ ဖုံးလွှမ်းနေသည့် တောင်ညိုကြီးတို့ ထီးထီးကြီးရှိနေသည်။

ထို တောင်ညိုကြီး၏ တောင်တက်လမ်း တလျှောက်တွင် ဆူးပင်များ ချုံပုတ်များသာရှိပြီး အရိပ်အာဝါသ ကင်းမဲ့နေသည်။

ကျော်ဝသည် မြင့်မားမတ်စောက်လှသည့် တောင်ပေါ်သို့ မော်ကြည့်ရင်း–



'ဒီလိုနေ့ရာမျိုးမှာဘယ်လိုလုပ်ပြီးနေထိုင်ပါလိမ့်–

ဟု ရေရွတ်လိုက်လေသည်။

သိုင်းလောက၏ ပထမသိုင်းသမားကြီးဖြစ်သော စန်ကျန်၏ ပဉ္စမမြောက်တပည့် လူသန်ကြီးစန်တုထံသည် ဤတောင်ညိုကြီးပေါ်၌ နေထိုင်လျက်ရှိပေသည်။

ကျော်ဝက ဝါပေ၏အမိန့်အတိုင်း စန်တုထံသို့ လာခဲ့ရခြင်းဖြစ်သည်။

လင်တီသေဆုံးသည့်ကိစ္စနှင့်ပတ်သက်ပြီး နောက်ကြောင်းအေးစေရန် အခြားဂိုဏ်းတူ ညီအစ်ကိုများ မရိပ်မိစေရန် လင်တီသည် အရေးကြီးသော ကိစ္စဖြင့် တောက်ကာဝင်ကာ ခရီးထွက်သွားပုံမျိုးဖြစ်စေရန် သူမစီစဉ်ဖို့တာဝန်ယူလေ၏။

စန်ကျန်၏ တပည့်များသည် တစ်ကွဲတပြားစီ နေထိုင်ကြပြီး တစ်နှစ်တစ်ကြိမ်သာ ဝူတန်တောင်ပေါ်သို့တက်၍ တွေ့ဆုံလေ့ရှိကြသဖြင့် တစ်ယောက်သတင်းကို တစ်ယောက်က ရုတ်တရက် သိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ကျော်ဝက လူသန်ကြီးစန်တုထံသို့ စိတ်ချလက်ချ လာခဲ့ခြင်းဖြစ်ပေတော့သည်။

ကျင်ဝသည် စန်တုနှင့်တွေ့လျှင် အဆင်ပြေမှုပြေပါမလားဟု တွေးတောရင်း တောင်ပေါ်သို့တက်လာရာ တစ်နေရာသို့အရောက်တွင်....

'ဝုန်း ဝုန်း ဝုန်း—

ဂိုးခြိမ်းသံပမာ ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်ဝ ခြေလှမ်းတုန့်ခနဲရပ်သွားသည်။

စိုးရိမ်ထိတ်လန့်သော အသွင်ဖြင့် ဟိုဟိုသည်သည် ကြည့်လိုက်သည်။ ထိုအချိန်မှာပင်....

'ဝုန်း...ဝုန်း....ဝုန်း'

ကျယ်လောင်သည့်အသံများ ထွက်ပေါ် လာပြန်သည်ကို ကြားရပြန်လေသည်။

မိုးချုန်းသံကား မဟုတ်ပါ။

တစ်စုံတစ်ခုသော အကြောင်းကြောင့် ထိုကျယ်လောင်အသံများ ထွက်ပေါ်နေခြင်း ဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။



ကျင်ဝသည် ထိုအသံများထွက်ပေါ်နေသောနေရာဆီသို့ လှမ်းသွားလေသည်။

တောင်ပေါ်တက်သည့်လမ်းမှ ဝဲဘက်ချိုးကွေ့ကာ ချုံပုတ်များ၊ ဆူးပင်များကြားမှ ဖြတ်ကာ လှမ်းသွားလေ၏။

'ဝုန်း....ဝုန်း....ဝုန်း'

ကျယ်လောင်သောအသံများ ထပ်မံထွက်ပေါ်လာ၏။

ထိုအသံများနှင့် တစ်စတစ်စနီးကပ်လာပြီး တောင်စွန်းတစ်ဖက်ချောက်ထဲသို့ ထိုးထွက်နေသော ကျောက်ဖျာကြီးတစ်ခုအနားရောက်သွားသည်။

ထိုအချိန်၌ ကျယ်လောင်သောမြည်သံများပျောက်ကွယ်သွားပြီဖြစ်လေသည်။

ကျင်ဝသည် ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်၏။

လူရိပ်လူယောင်မတွေ့ရသလို ထူးခြားမှုတစ်စုံတစ်ခုလည်း မတွေ့ရပါချေ။

ကျင်ဝ အံ့ဩသွားလေသည်။

'အသံဗလံတွေ ဘာကဘယ်လိုပေါ်လာတာပါလိမ့်'

တွေးရင်းချောက်ထဲသို့ငုံ့ကြည့်လေသည်။

ထိုအခါ

ချောက်ထဲမှ ဖုန်မှုန့်များ တထောင်းထောင်း ထက်အပေါ်သို့ ဝေ့ဝဲတက်လာသည်ကိုတွေ့ရလေသည်။

ထိုသို့ဖုန်တထောင်းထောင်းထနေသည်မှာ အကြောင်းရှိရမည်ဟု တွေးပြီး သေချာအကဲခတ်ကြည့်မိလေသည်။

လေဝေ့ယမ်းတိုက်ခတ်လာလေသည်။

ဖုန်မှုန့်များသည်လေနှင့်အတူလွင့်ပါသွားလေသည်။

ချောက်ထဲ၌ မြူခိုးများ ပိတ်ပုံးနေသကဲ့သို့ ရှိနေရာမှ မြင်ကွင်းများတဖြည်းဖြည်းကြည်လင်လာ၏။

ရုတ်တရက်—

ဖုန်မှုန်များကြားမှ အရိပ်သဏ္ဌာန်တစ်ခုထွက်လာသည်ကို တွေ့မြင်ရလေသည်။

ကျော်ဝသည် ထိုအရိပ်သဏ္ဌာန်ကိုကြည့်ရင်း....



'ဟိုက်'

လွတ်ခနဲအော်မိသည်။

အကြောင်းမှာ

ကျောက်တုံးကြီးတစ်ခုက ချောက်ထဲမှနေပြီး တောင်ပေါ်တလိမ့်လိမ့်တက်လာနေသည်ကို တွေ့မြင်ရခြင်းကြောင့်ဖြစ်လေသည်။

ကျော်ဝ မယုံနိုင်အောင်ဖြစ်သွားသည်။

အမြင်မှားနေသလားဟုမျက်လုံးကိုလက်ဖြင့်ပွတ်ပြီး ပြန်ကြည့်လေသည်။

သူ အမြင်မှားနေခြင်းမဟုတ်ပါချေ။

ကျောက်တုံးကြီးသည် ချောက်ထဲမှနေပြီး တောင်ပေါ်တရွေ့ရွေ့တက်လာခြင်းဖြစ်လေသည်။

ကျော်ဝ ခေါင်းခါယမ်း၏။

'ဒါ....ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး'

ဟု ရေရွတ်လေသည်။

ကျောက်တုံးကြီးသည် တစ်စထက်တစ်စနီးလာသောအခါ ကျင်ဝ ကပျာကယာနောက်ဆုတ်၏။

ဤတွင် ကျောက်ခဲတစ်လုံးနှင့်တိုက်မိကာ....

'ဝုန်း'

ကျောက်ဖျာကြီးပေါ်လဲကျသွားသည်။

တစ်ကိုယ်လုံးနာကျင်သွားပြီး ရုတ်တရက်ပြန်မထနိုင်သည် အထိဖြစ်ရလေသည်။

ကျင်ဝသည် ကျောက်ဖျာကြီးပေါ်လဲနေပြီး ကျောက်တုံးကြီးကို မျက်လုံးပြူး၍ကြည့်နေမိသည်။

ကျောက်တုံးကြီးသည် တောင်ကလပ်ပေါ်သို့ ရောက်ရှိလာသည်။

အနီးကပ်တွေ့လိုက်ရမှ အဖြစ်မှန်ကို ကျင်ဝသိရလေသည်။

ကျောက်တုံးကြီးမှာ အလိုအလျောက်တောင်ပေါ်တက်လာခြင်းမဟုတ်ပါချေ။

လူတစ်ယောက်က လက်နှစ်ဖက်ဖြင့်ပင့်ကာမ,လာခြင်းဖြစ်ကြောင်းသိရလေသည်။

ထိုလူ၏ အသားအရည်မှာ ကြေးနီရောင် တဖိတ်ဖိတ်တောက်နေ၏။



အလွန်သန်မာထွားကြိုင်းလှသည့် လူသန်ကြီးတစ်ဦး ဖြစ်နေသည်။

ကျင်ဝကား မှင်တက်မိကာ ငေးမော ကြည့်နေမိသည်။

လူသန်ကြီးသည် ကျောက်ဖျာကြီးပေါ် ရောက်ရှိလာကာ တောင်စွန်းတစ်နေရာ၌ခြေလှမ်းရပ်သည်။

ချောက်ကြီးဘက်မျက်နှာမူနေလသည်။

ထို့နောက် ချောက်ကမ်းပါးတစ်ဖက်ရှိ ကျောက်နံရံဆီ ဦးတည်ကာ....

'သွားစမ်း'

ဟု အော်ဟစ်ရင်း ကျောက်တုံးကြီးကိုတွန်းထုတ်လေ၏။

'ဝှီး'

ကျောက်တုံးကြီးသည် အရှိန်ပြင်းစွာ ပစ်လွင့်သွားပြီး ချောက်တစ်ဖက်ရှိ တောင်နံရံကိုထိမှန်ကာ အစိတ်စိတ်အမွှာမွှာကွဲကြေသွားလေသည်။

'ဝုန်း—ဝုန်း—ဝုန်း'

မိုးချုန်းသံပမာ ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

တွဲကြသွားသော ကျောက်တုံးအပိုင်းအစများသည် မိုးသီးမိုးပေါက်ပမာ ချောက်ထဲကျသွား၏။

ချောက်ထဲရောက်လျှင် ဖုန်မှုန့်များ၊ ကျောက်မှုန့်များ တထောင်းထောင်း မြူနှင်းများပမာ တောင်ပေါ်သို့ လွင့်တက်လာလေသည်။

ကျင်ဝ ပင့်သက်ရှိုက်သည်။

ကျယ်လောင်သော အသံများ ထွက်ပေါ် လာသည့်အကြောင်းရင်းကို သိရပြီဖြစ်လေသည်။

ကြေးနီရောင်သမ်းနေသော လူသန်ကြီးကိုကြည့်အား—

'စန့်တူဆိုတာ သူပဲဖြစ်မယ်'

ဟု တွေးလိုက်မိသည်။

ထို့ခဏ....

လူသန်ကြီးသည် တစ်ဖက်သို့ လှည့်သွား ည်ကို ြတွေ့မြင်ရလေသည်။



'သူ—ထွက်သွားပြီ'

ကျင်ဝ ကပျာကယာလှမ်းလိမ့်ထ၏။

လူသန်ကြီးနောက်သို့ပြေးလိုက်လေ၏။

သို့သော်....

တောင်ကွေ့တစ်ခုသို့ ရောက်လျှင် လူသန်ကြီးကို မတွေ့ရတော့ချေ။

ကျင်ဝ ခြေလှမ်းရပ်တန့်သွားသည်။

ပတ်ဝန်းကျင်၌ ရှာဖွေကြည့်၏။

လူသန်ကြီး၏ အရိပ်အယောင်ပင် မတွေ့ရပါချေ။

'သူ ဘယ်ရောက်သွားပါလိမ့်'

ကျင်ဝက တွေးတောရင်း ရှာဖွေကြည့်ရာ ကျောက်တုံးကျောက်ခဲများကြား၌ လူသွားလမ်းလေး တစ်ခု ရှိနေသည်ကို တွေ့ရသည်။

'လူသွားလမ်းလေးပါလား'

သူသည် ထိုလမ်းလေးအတိုင်း လှမ်းသွားလိုက်သည်။

ကျောက်တုံး ကျောက်ခဲများကြားမှ ဖြတ်သွားလိုက်ရ တောင်စွန်းတစ်ဖက်သို့ ရောက်သွား၏။

ထိုတောင်စွန်းမှ အောက်ဘက် လျှိုကြီးဆီ ဆင်ခြေလျှော လမ်းရှိသည်ကို တွေ့ရသည်။

ကျွန်ုပ်တို့ လျှိုထဲသို့ ဆင်းလိုက်လျှင် ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံး ရှိသည်ကို တွေ့လိုက်ရသည်။

၀ ၀ ၀

ကျောက်တုံးအိမ်လေး

ချင်ဝသည် ကျောက်တုံးအိမ်လေးရှေ့ ရောက်သွား ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၍ ဟိုဟိုသည် ကြည့်မိ၏။

လောင်ကြီး၏ အရိပ်အယောင်ကိုပင် မတွေ့ရချေ



သူသည် အနည်းငယ် စဉ်းစားပြီး မြေပေါ် ဒူးထောက် ချမိသည်။

ထို့နောက် ခေါင်းငုံ့၍ မလှုပ်မယှက် ငြိမ်နေလိုက်သည်။

x x x

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေဝန်းနီမှာ တောင်းကင် အလယ်ဗဟိုသို့ ရောက်လာ၏၊

မှန်းတည့်နေသည် ကျင်ဝ၏ ခန္ဓာကိုယ်ပေါ် အညှာတာ ကင်းမဲ့စွာ ကျရောက်နေသည်။

သူ၏ တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် ကျနေသည်။

သို့သော်

သူသည် ခေါင်းငုံ့ ဒူးထောက်နေရာမှ မထဘဲ ကျောက် ရုပ်ပမာ ရှိနေသည်။

ထိုစဉ်

'မင်းမဆိုးဘူး'

စကားသံတစ်ချက် ထွက်ပေါ်လာ၏။

သူက ခေါင်းမော့ကြည့်မိသည်။

ထိုအခါ လူသန်ကြီးသည် သူနှင့် မလှမ်းမကမ်းသို့ရောက်ရှိလာသည်ကို တွေ့ရ၏။

သူက မထဘဲ ဦးညွှတ်လိုက်သည်။
'အမှတ်ငါး ဦးလေးကို ဂါရဝပြုပါတယ်'
ဟုလည်း ရိုရိုသေသေပြော၏။

ထိုလူမှာ လူသန်ကြီး စန်တုဖြစ်ပါ၏။
စန်တုကလည်း ကျင်ဝကို မှတ်မိ၏။
'မင်းက ကျင်ဝမဟုတ်လား'

ဟု မေးလာ၏။
ကျင်ဝ ဦးညွှတ်လိုက်၏။
'ဟုတ်ပါတယ် ခင်ဗျာ'

'မင်းရောက်လာတာကို ငါတွေ့သားပဲ၊ မင်းအနေပူထဲမှာ ဒူးထောက်နေတာ အတော်ကြာပြီ၊ ဒါကဲ ဘာ်သတော့လဲ၊ မင်းက မုရှံဆီမှာ သိုင်းပညာ သင်နေတာမဟုတ်လား'

ကျင်ဝက

'ဟုတ်ပါတယ်ခင်ဗျာ၊ ဦးလေးမုရှံက ဒီကိုလွှတ်လိုက်လို့'



'ဒီကို လွှတ်လိုက်တာ'
'ဟုတ်ပါတယ်'
စန်တုက

'နေပါဦး၊ သူက ဘာကြောင့် လွှတ်လိုက်ရတာလဲ ပြောစမ်းပါဦး'

သူသည် ခါပေသင်ကြားလိုက်သည့်အတိုင်း ပြောသည်။

'ဦးလေးမုရှံဆီ ဦးလေးလင်တိ ရောက်လာပြီးအရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ ခရီး ထွက်သွားကြပါတယ်၊ ကျွန်တော့်ကို ဦးလေးစန်တုဆီ သွားဖို့ မှာသွားပါတယ်'

စန်တု မျက်မှောင်ကုတ်သွားသည်။

'လင်တိက အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် မုရှံကိုခေါ်သွားတယ်ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'
စန်တုက....

'သူတို့မှာ ဘာယ်လို အရေးကြီးတဲ့ ကိစ္စများ ရှိနေလို့လဲ၊ ပြောစမ်းပါဦး'

'ဒါတော့ ကျွန်တော် မသိပါဘူးခင်ဗျာ'

သူက မှင်သေသေဖြင့် ဖြေင်းလိုက်သည်။

စန့်တု ခေါင်းကုတ်လိုက်၏။
'ဘာတွေများ ဖြစ်ကုန်ပါလိမ့်'
ဟု ရေရွတ်ပြီး–

'ထားပါတော့လေ၊ ကျုပ်ဆီ လွှတ်လိုက်တာရော ဘယ်လို အကြောင်းကြောင့်လဲ ပြောစမ်းပါဦး'

ဟု မေးလိုက်ပြန်သည်။

ကျင်ဝက

'သူက ကျွန်တော့်ကို သိုင်းပညာသင်ပေးဖို့ အခက်အခဲ ရှိတာကြောင့် ဦးလေးစန့်တုက ဆက်ပြီး တာဝန် ယူလိမ့်မယ် လို့ ပြောပါတယ်'

ထိုစကားကြားလျှင် စန့်တု ပြုံးမိသည်။

'ကောင်းကွာ၊ သူက ငါ့ကို တာဝန်လွှဲပေးလိုက်တာပေါ့'

'ဟုတ်ပါတယ်ခင်ဗျာ'

စန့်တုသည် သူ့ကိုကြည့်ပြီး သက်ပြင်း ချလိုက်သည်။



'မင်းက ဒီလို ခွန်အားဗလနဲ့ ငါ့သိုင်းပညာကို သင်ဖို့ မလွယ်သေးဘူး'

ဟု ပြော၏။
သူက ဦးညွှတ်လိုက်သည်။
'ကျွန်တော်အစွမ်းကုန် ကြိုးစားပါမယ်'

ဟု ပြောလိုက်၏။

စန့်တုအား

'မင်းက ငါ့ဆီကို ရောက်လာပြီ ဆိုတော့လဲ လက်ခံရမှာ ပေါ့လေ၊ ကဲ....လာလာ....အိမ်ထဲဝင်ဦး'

ဟု ဖိတ်ခေါ်လိုက်၏။
ထိုအခါမှ—
သူ၏ရင်ထဲမှ အလုံးကြီးကျသွား၏။

'ကျေးဇူးပါပဲ ခင်ဗျာ'

ကျေးဇူးတင်စကားပြော၍ စန့်တုနောက်ကိုလိုက်သွား၏။

စန့်တုထံမှ သိုင်းကျမ်းရယူရန် ပထမခြေလှမ်း အောင်မြင် သွားပြီဖြစ်သည်။

x x x

## ခွန်အား လျှို့ဝှက်ချက်

တစ်လ....

ကျောင်ဝသည် စန်တုထံသို့ ရောက်လာသည်မှာ တစ်လခန့်ရှိသွားပြီဖြစ်သည်။

စန်တုသည် သူ၏ အကြံကို မရိပ်မိဘဲ စေတနာအပြည့်ဖြင့် သင်ကြားပေး၏။

သူ၏ ပညာမှာ အတွင်းအားကို အဓိကထား၍ အသုံးပြုရသည့် ခွန်အားပညာ ဖြစ်၏။

ကျောင်ဝ၏ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းစေရန် ဦးစွာ လေ့ကျင့်ပေး၏။



ခန္ဓာကိုယ်တွင်း ကိန်းအောင်းနေသော မမြင်နိုင်သည့်ခွန်အား စွမ်းပကားအကြောင်း ရှင်းပြသည်။

ထိုခွန်အားတို့ကို လိုအပ်သလို ဖော်ထုတ် အသုံးပြုသည့်နည်းလမ်း၊ ခွန်အား တိုးလာအောင် လေ့ကျင့်နည်း တို့ကိုလည်း သင်ကြားပေးသည်။

ကျောင်ဝသည် စန်တုသင်ကြားပေးသမျှကို စိတ်ဝင်စားစွာမှတ်သားပြီး ကြိုးစားခဲ့၏။

စန်တုသည် ဈာန်အတွက် အစားအစာများကိုလည်း စီစဉ်ပေးသည်။

သူ့မှာ နေ့စဉ်နှင့် အမျှ ပဲပြုတ်ရည်၊ အသီးအရွက်များ၊ အသားပြုပ်တို့ကိုသာ စားရ၏။

စားသောက်ဖွယ်ရာများသည် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသည်မဟုတ်ဘဲ ရေလုံပြုတ်ထားခြင်းမျှသာ ဖြစ်သည်။

အစပိုင်း၌ သူ မစားတတ်ဘဲ ဖြစ်နေသည်၊

နောက်ပိုင်းတွင် အကျင့်ရလာ၍ မြိန်ရည်ရှက်ရည်စား၏။

တစ်လဟူသော အချိန်အတွင်းမှာပင် ကျောင်ဝ၏ခန္ဓာကိုယ်သည် ကြေးရုပ်တစ်ရုပ်ပမာ ကျစ်လျစ်သန်မာလာ၏။

စန်တု၏ ခွန်အားပညာကိုလည်း တစ်စထက် တစ်စထတ် မြောက်လာသည်။

ထိုမျှမကသေး....

စန်တု သိုင်းကျမ်း ဝှက်ထားသည့် နေရာကိုလည်း စုံစမ်း သိရှိခဲ့၏။

x x x

ည....

ကောင်းကင်ပေါ်တွင် လဝန်း ထိန်ထိန် သာနေသည်။

လရောင်ဖြင့် သာယာလှပနေ၏။

ကျောက်အိမ်လေးရှေ့၌ ကျင်ဝက ရပ်နေ၏။

သူ၏ လက်က ကျောက်တုံးကြီး တစ်တုံးကိုမ၍ ခေါင်း ပေါ်သို့ မြှောက်ထား၏။

သူက ခွန်အားပညာကို လေ့ကျင့်နေခြင်း ဖြစ်သည်။



စန်တုသည် ညစာစားပြီး အနားယူနေပြီဖြစ်သည်။

သူက ကျောက်တုံးကြီးကို မထားရ အချိန်ကြာလာ သည့်အခါ ညောင်းလာလေ၏။

'မင်းလက်တွေ ညောင်းလာပြီ၊ ဆက်မ မချင်တော့ဘူး ဆိုရင် ကျောက်တုံးကြီးကို ချောက်တစ်ဖက်နံရံကိုပစ်ပေါက် လိုက်ပါ'

ဟုလည်း စန်တုက မှာကြားခဲ့၏။

ထိုကျောက်တုံးကြီးအား ပစ်ပေါက်ပြီးမှသာလျှင်သူက အနားယူနိုင်လိမ့်မည် ဖြစ်၏။

သူသည် စန်တုမှာသည့်အတိုင်း ပြုလုပ်ရန် ကျောက်တုံး အိမ်လေးရှေ့မှ ထွက်လာခဲ့သည်။

ကျောက်တုံးကြီး ပြုတ်မကျရအောင် မ,ပြီး ခြေလှမ်း မှန်မှန် လှမ်းလာ၏။

မကြာမီ ချောက်ကမ်းပါးနှင့်အပ်လျက်ရှိသောကျောက် ဖျာကြီးပေါ် ရောက်ရှိလာ၏။

သူသည် ချောက်တစ်ဖက်ရှိ တောင်နံရံဆီ လှမ်းကြည့်ပြီး–

'သွားစမ့်း'

အောင်ဝေါက်၍ ကျောက်တုံးကို ပစ်ပေါက်လိုက်သည်။

'ဝုန်း'

ကျောက်တုံးကြီးမှာ အရှိန်ပြင်းစွာ ပစ်လွင့်သွားသည်။

ကျောက်နံရံနှင့် ထိတွေ့လိုက်သည့်အခါ...

'စုန်း'

ကျယ်လောင်သော အသံကြီး ထွက်ပေါ်လာပြီး အစိတ်စိတ်အမွှာမွှာ ကွဲအက် ကြေမွသွား၏။

'ဟား ဟား ဟား'

ကျင်ဝ သဘောကျစွာ ရယ်မောသည်။

သူက စန်တု ပြုလုပ်သကဲ့သို့ အတုခိုး၍ ပြုလုပ်နိုင်ခဲ့သည် မဟုတ်ပါလား။

ထိုစဉ်—

'မင်းမဆိုးဘူး'

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

သူ ချာခနဲ လှည့်ကြည့်လိုက်သောအခါ မလှမ်းမကမ်း၌ လူတစ်ဦးရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။



ထိုလူမှာ ဝါပေ ဖြစ်၏။

'ဆရာ'

သူလွှတ်ခနဲခေါ်သည်။

ဝါပေက

'ဟုတ်တယ်၊ တစ်လကြာရင် ငါလိုက်လာခဲ့မယ် ဆိုတာကို မင်းမေ့နေပြီထင်တယ်'

ကျင်ဝက...

'ကျွန်တော်မမေ့ပါဘူးဆရာ'

'အေး—အခု ငါရောက်လာပြီ၊ မင်းဘက်က ဘာတွေကို စီစဉ်ထားပြီးပြီလဲ'

'ကျွန် —ကျွန်တော်....'

သူ ရုတ်တရက် အဖြေမပေးနိုင်အောင် ဖြစ်သွား၏၊

ဝါပေက မဲ့ပြုံး ပြုံးပြီး....

'မင်းက ရတဲ့အချိန်လေးမှာ စန်တုရဲ့ ပညာတွေကိုသင်နေတယ်ပေါ့လေ'

'ဒီ....ဒီလို မဟုတ်ပါဘူး ဆရာ'

'ဒါဖြင့် ဘာလဲ ပြောစမ်း'

သူသည် သူမကို ထိတ်လန့်စွာကြည့်၍

'ကျွန်တော်ဟာ ဆရာခိုင်းတဲ့အတိုင်း ဦးလေးစန်တုယုံကြည်လာအောင် နေထိုင်ခဲ့ပါတယ်၊ ဦးလေးစန်တုရဲ့ သိုင်းကျမ်း ဘယ်မှာဝှက်ထားတယ်ဆိုတာသိရအောင် ကြိုးစားခဲ့ပါတယ် ဆရာ'

သူမက
'မင်း သေချာတယ်နော်'
သူမ ခေါင်းညိတ်၏။

'ကျွန်တော် တကယ်ပြောတာပါ ဆရာ'

'ကောင်းပြီ'

ဝါပေက စူးရှတောက်ပသော မျက်လုံးအစုံဖြင့် သူ့ကို စိုက်ကြည့်ပြီး—

'ကဲ...ပြောစမ်း၊ စန်တုရဲ့သိုင်းကျမ်း ဘယ်မှာလဲ'

ဒူ မေးလိုက်သည်။

ကျင်မက

'ဦးလေးစန်တုဟာ သူအိပ်တဲ့ ကျောက်ဖျာကြီး ထဲမှာ ဝှက်ထားပါတယ်'

ဆိုစကားကြောင့် ဝါပေ အံ့ဩသွားသည်။



'ဘာပြောတယ်'

'ဟို..စိုး....'

'သူအိပ်တဲ့ ကျောက်ဖျာကြီးထဲမှာ ဝှက်ထားတယ် ဟုတ်သွား'

'ဟုတ်ပါတယ်'

'ကျင်ဝ မင်းပြောတာ ငါနားမလည်ဘူး၊ ရှင်းရှင်းပြောစမ်း'

ကျင်ဝက

'ဦးလေး စန်တုရဲ့ အိမ်ထဲမှာ မွေ့ရာကြီးလို ဖြစ်နေတဲ့ ကျောက်ဖျာကြီး နှစ်ချပ်ရှိပါတယ်၊ အဲဒီ ကျောက်ဖျာကြီး နှစ်ချပ်ကြားထဲမှာ သိုင်းကျမ်းကို ဝှက်ထားပါတယ်'

ဗူ ပြောသည်။

ဝါပေက ယခုမှ ကျေနပ်သွား၏။
'ကြော်....ဒီလိုကိုး၊ အခုစန်တု ဘယ်မှာလဲ'
'သူအိပ်နေပါတယ် ဆရာ'

'ကောင်းပြီ၊ ငါ့အနား လာခဲ့စမ်း'

သူမက လက်ယပ်ခေါ်လိုက်၏။

သူလည်း ခပ်သွက်သွက် လှမ်းသွားသည်။

အနီးရောက်လျှင်....

'ကျင်ဝငါပြောသလိုလုပ်'

မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို တီးတိုးပြောသည်။

—၀—

နေဝန်းနီမှာ အရှေ့ဘက်မှထွက်လာပြီဖြစ်သည်။

တောက်ပသောနေရောင်ခြည်အောက်တွင် စန်းကျင်တာ့လုံး သာယာလှပနေ၏။

ကျင်ဝသည် အိပ်ရာမှ နိုးလာသည့်အခါ အိမ်ထဲ၌ စန်တုကို မတွေ့ရပါ။

သူ အိမ်ပြင်ထွက်သည်နှင့် မြေကွက်လပ်၌ ကျောက်တုံးကြီး တစ်တုံးအား မြောက်၍ မြောက်၍ ထစားနေသော စန်တုအား တွေ့လိုက်ရ၏။



စန်တုသည် သူ့ကိုမြင်လျှင်....
'ကောင်လေး၊မင်းအိပ်ရေးဝရဲ့လား'
ဟု လှမ်းမေးလာသည်။

ကျင်ဝက
'ဟုတ်ကဲ့၊ ဝပါတယ် ဦးလေး'
စန်တုက

'ဒီကနေ့တော့ မင်းကို သင်ခန်းစာအသစ် သင်ပေးဖို့ ငါစဉ်းစားထားတယ်'

'ဟုတ်ကဲ့ပါခင်ဗျာ'

'တို့ခုစ်ယောက် ကျောက်တုံးကြီးတွေကို မပြီး တောင်အောက်ကို ဆင်းမယ်၊ ပြီးတော့ တောင်ပေါ် ပြန်တက်ကြမယ်၊ဒီလို တက်လိုက်ဆင်းလိုက် သုံးကြိမ်လုပ်မယ်၊ဘယ်လိုလဲ'

'ဗျာ'

ကျင်ဝ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

တောင်ပေါ်သို့ လူလွတ်သက်သက်ပင် တက်လိုက် ဆင်းလိုက် လုပ်ဖို့ မလွယ်ကူချေ။

တစ်ခေါက်ဆိုလျှင် တစ်ခေါက်ဆိုသလောက် မှောတိုက် ပင်ပန်းမည်သာ ဖြစ်၏။

ကျော်ဝ ပင့်သက်ရှိုက်မိ၏။
'ကျွန်တော် သဘောတူပါတယ်ဆရာ'
'ဟား ဟား ဟား'

စန်တူ ဟားတိုက် ရယ်မောမိ၏။

'ဘာလဲ၊ မင်းက ပင်ပန်းမှာကို ကြောက်နေတာလား၊ အနာခံမှု အသာစံရမယ်ဆိုတာ မင်းမသိဘူးလား၊ကဲ လာခဲ့'

'ဟုတ်ကဲ့'

ကျော်ဝသည် စန်တူအနီးသို့ ချဉ်းကပ်သွားသည်။

စန်တူက

'ရော့...ဒီကျောက်တုံးကို ယူထားလိုက်'

သူကိုယ်တိုင် မြှောက်၍ ကစားနေသော ကျောက်တုံး ကြီးအား ကျော်ဝထံ ပစ်ပေးလိုက်၏။

သူက ကပျာကယာ ဖမ်းထားလိုက်ရသည်။



စန်တူသည် သူက ကျောက်တုံးကြီးအား ဖမ်းယူပြီးသက် နှစ်ဖက်ဖြင့် မ,ထားသည်ကိုကြည့်၍ ရယ်လိုက်သည်။

'ဟား ဟား ဟား ငါ့နောက်လိုက်ခဲ့'

ပြောရင်း ကျော်ဝထက် နှစ်ဆ ကြီးသော ကျောက်တုံး ကြီး တစ်တုံးကို မ,ယူလိုက်၏။

ပြီးလျှင် ရှေ့မှ ဦးဆောင်၍ တောင်အောက် ဆင်းသွား လေသည်။

သူလည်း လိုက်သွားရသည်။

X X X

စန်တူသည် ကျောက်တုံးကြီးကို မ,၍ တောင်အောက် သို့ လွှစ်ခနဲ လွှစ်ခနဲ လျင်မြန်စွာ ဆင်းသွား၏။

ကျော်ဝလည်း လိုက်သွား၏၊

သို့သော်

စန္ဒီတုကဲ့သို့ လျင်မြန်စွာ ဆင်းမသွားဝံ့ချေ။

အတိုကြီးစွာထား၍ ဖြည်းဖြည်းမှန်မှန် ဆင်းသွားရ ခြင်း ဖြစ်သည်။

သူက အမောဟိုက်ဆော့နေ၍ ဖြတ်ကျွန်နေ၍ စန္ဒီတု အား မလို အားမရ ဖြစ်သွား၏။

သူ့ကို လှည့်ကြည့်ပြီး....
'ကောင်လေး မြန်မြန်လာလေ'
ဟု အော်ပြော၏။

ကျင်ဝက
'ကျွန်တော်....'
စကားမပြောနိုင်ဘဲ မောနေ၏။

စန္ဒီတုက

'မင်း တော်တော်ခက်ပါလား၊ မင်းရဲ့စိတ်ထဲက စိုးရိမ် ပူပန်မှုတွေ ကြောင့်ကျမှုတွေကို ဘေးဖယ် ထားလိုက်စမ်း၊ ကျောက်တုံးကြီးတစ်တုံး မ ထားရတယ်လို့ သဘောမထား နဲ့၊မင်းရဲ့ စိတ်အာရုံ မေ့ပျောက်ထားလိုက်ရင် ကျောက်တုံး ကြီးကို မထားရတာ လေးတယ်မထင်ဘဲ ဖက်ရှက်လေးတစ် ရှက်လို ပေါ့ပါးလာလိမ့်မယ်'



ဟု အော်ပြော၏။

သူက
'ဟုတ်ကဲ့၊ ဦးလေးစန္ဒီတု'

သူသည် စန္ဒီတုထံသို့ ခပ်သွက်သွက် လှမ်းသွားသည်။

အမှန်တော့....

သူ၏ စိတ်ထဲ၌ ပင်ပန်းနွမ်းနယ်နေသည်မှာ ကျောက်တုံး ကြောင့် မဟုတ်ဘဲ ဝါပေကြောင့်ဖြစ်သည်။

ဝါပေသည် တစ်နေ့တွင် စန္ဒီတုအား သုတ်သင်၍ သိုင်း ကျမ်းကို ရယူရန် စီစဉ်ထားပြီးဖြစ် မဟုတ်ပါလား။

သူက စန္ဒီတုနှင့် မလှမ်းမကမ်းသို့ ရောက်သွားချိန်မှာ..

'ဂျိမ်း'

တောင်ပေါ်မှ ကျယ်လောင်သော မြည်သံတစ်ချက်ထွက် ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဝါပေ ကျောက်ဖျာကြီး နှစ်ချပ်ကို လှန်လျော၍ သိုင်း ကျမ်း ရှာဖွေနေရာမှ တစ်စုံတစ်ခု အမှား အယွင်းကြောင့် ထွက်ပေါ်လာသည့်အသံ ဖြစ်ကြောင်း ကျင်ဝ နားလည်၏။

စန်းတု လှုပ်လှုပ်ရှားရှား ဖြစ်မိ၏၊
'ဒါ ငါ့အိမ်ထဲကမြည်တဲ့အသံကွ'
ဟု ပြောလာသည်။

သူက
'ဟုတ် ဟုတ်ပါတယ်'
ဟု လွတ်ခနဲ ပြော၏၊

စန်းတုက
'ဘာတွေဖြစ်ကုန်ပြီလဲ'
'ကျွန်တော်လဲမသိဘူး ဦးလေး'

'လာ....လာ သွားကြရအောင်'

'ဟုတ်ကဲ့'

သူသည် မ,ထားသော ကျောက်တုံးကို တောင်အောက် ပစ်ချယ်ကံ၏။

'ဝုန်း'

ကျောက်တုံးမှာ တောင်အောက်သို့ လိမ့်ဆင်းသွား၏၊
'လိုက်ခဲ့'



သူသည် ကျွင်ဝကို အော်ခေါ်ပြီး တောင်ပေါ် ပြန်လည် ပြေးတက်သွားသည်။

ကျွင်ဝလည်း လက်ထဲမှ ကျောက်တုံးကိုပစ်ချ၍ လိုက်သွားလေသည်။

Z Z Z

ကျောက်တုံးအိမ်ကလေး....

စန်းတုနှင့် ကျွင်ဝတို့သည် အိမ်ကလေးသို့ ပြန်လည်ရောက် ရှိလာကြပြီဖြစ်သည်။

အိမ်ထဲ လှမ်းဝင်လိုက်လျှင် ခုတင်သဖွယ် ပြုလုပ်ထားသည့် ကျောက်ဖျာကြီး နှစ်ချပ်သည် ညီညီညာညာ ထပ်ထားခြင်း ဖြစ်သည်။

ယခုတော့---

ကျောက်ဖျာနှစ်ချပ်မှာ ညီညာမှုမရှိဘဲ နေရာ ရွှေ့နေ သည်ကို တွေ့ရသည်။

စန်ထုံက
'ဒါဘယ်လိုဖြစ်တာလဲ'
ဟု တအံ့တဩ ရေရွတ်၏။

ကျင်စက
'ကျွန်တော် လဲ မသိဘူးဆရာ'
ဟုပြော၏၊

စန်ထုံက

'ကျောက်ဖျာတွေ ရွှေ့အောင်လုပ်နိုင်တဲ့လူရှိတယ်၊ အင်း ကောင်းတယ်'

ဟု ပြော၍ ခေါင်းညိတ်၏။
ထို့နောက်–
'ဟား ဟား ဟွား'

ကျယ်လောင်စွာ ရယ်လိုက်သည်၊

သူ၏ ရယ်သံသည် မိုးချုန်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျင်ဝ ရင်ထိတ်ပြီး ကပျာကယာ နောက်ဆုတ်၏။

စန်တုံက ဟားတိုက် ရယ်မောပြီးမှ



'ဒါပေမယ့် ဒီလောက်လေးတဲ့ ကျောက်ဖျာကြီးကို ဝေ့လွဲပြီး ဘယ်သူက မ နိုင်မှာလဲ'

ဟု ပြောလေသည်။

ကျင်ဝက မှင်သေသေဖြင့်....

'ဦးလေး–ဦးလေးရဲ့ကျောက်ဖျာကို တစ်ယောက်ယောက် က လာပြီး ရွှေ့တယ်လို့ ပြောတာလား'

ဟု မေးလိုက်၏။
စန်တုံက....
'ဒါပေါ့ကွ'

'ဘယ်သူက လာရွှေ့တာလဲဟင်'
'တန္တေသရဲတစ်ကောင် ဖြစ်မှာပေါ့'
'ဗျာ'

ကျင်ဝက ဟိုဟိုသည်သည် ကြည့်လိုက်၏။

သူတို့၏ အကြံကို စန်တု ရိပ်မိသွားပြီလောဟု စိုးရိမ်ပူပန် နေမိသည်။

စန်တုက

'ကဲ…တစ္ဆေသရဲကိုလိုက်ရှာရအောင်'

ဟု ပြောလိုက်သည်။

ကျင်ဝက

'ဦးလေး ဘာတွေပြောနေတယ်ဆိုတာ ကျွန်တော် နားမလည်နိုင်တော့ပါဘူးခင်ဗျာ'

စန်တူက

'ဒီနေရာကို တစ်ယောက်ယောက်ရောက်လာပြီကွ၊ သူက ငါအိပ်တဲ့ကျောက်ဖျာကို လာပြီးလှန်တာ ဆုကြောင်းရှိရမယ်၊ ကျောက်ဖျာနှစ်ချပ်ကြားမှာ ငါက သိုင်းကျမ်းကို ဝှက်ထားတယ်လေ'

'သိုင်းကျမ်း'

'ဟုတ်တယ်၊ ငါ့ရဲ့ဆရာက ငါနဲ့လိုက်ဖက်ညီတဲ့ သိုင်းကျမ်းတစ်ခုကို တီထွင်ပြီး ငါ့ကိုပေးတယ်၊ ငါက လေ့ကျင့်ပြီးတော့ သိမ်းဆည်းထားတာပေါ့၊ မင်းရဲ့ဆရာ ဝါဒေပကတော့ သူ့ကို ကြည့်ခွင့်ပေးဖို့ တောင်းခဲ့သေးတယ်'

ကျင်ဝ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။



စန်တူက

'ငါ့ရဲ့သိုင်းကျမ်းကို လိုချင်တဲ့လူတစ်ယောက်တော့ ရှိနေပြီ လိုက်ရှာကြရအောင် တွေ့ရင်တော့လား'

ကျင်ဝက

'ဆရာ အဲဒီလူကိုရှာလို့တွေ့ရင် ဘာလုပ်မလဲဟင်'

ဟု မေးလိုက်သည်။

ဝါဒေပအတွက် စိုးရိမ်ပူပန်စွာ မေးလိုက်ခြင်းဖြစ်သည်။

'ဟား….ဟား….ဟား'

စန်တူ ရယ်လိုက်သည်။

'သူ့ကိုတွေ့ရင် ကျောက်ဖျာကြီးနှစ်ချပ်ကြားမှာ ညှပ်ထားပြီး ဆုံးမလိုက်မယ်'

ဟု ပြောလေသည်။

ကျင်ဝ မျက်လုံးပြူးသွားသည်။

'ဦးလေး'

စန်တု ရယ်လိုက်သည်။

'ကဲ–လာ၊ လိုက်ရှာကြရအောင်'

ဟု ပြောကာ ကျောက်တုံးအိမ်ကလေးထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ကျင်ဝလည်း လိုက်သွား၏။

သူတို့နှစ်ယောက် အိမ်အပြင်ဘက်သို့ထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ဝှစ်....ဝှစ်....ဝှစ်'

စူးရှသောလေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လက်နက်ပုန်းလေးများသည် ကျောက်တုံးအိမ်လေးထဲ တိုးဝင်လာ၏။

စန်တု မျက်လုံးပြူးသွား၏။



'ဟော့ ငါတို့ကို ချောင်းပြီးတိုက်ခိုက်နေပြီကွ'

ဟု ပြောကာ လက်ဝှေ့ယမ်းလိုက်သည်။

ကျင်ဝ ထိတ်လန့်သွားသည်။

ဇပျာကယာ နောက်ဆုတ်လိုက်သည်။

ပစ်လွှင့်လာသော လက်နက်ပုန်းလေးများသည် စန်တု၏ လက်ထဲသို့ ရောက်ရှိသွားသည်၊

စန်တုသည် လက်နက်ပုန်းလေးများကို ကြည့်လိုက်ပြီး....

'ဟာ...ဒါက အရက်သမားရဲ့ လက်နက်ပုန်းတွေပါလား'

ဟု ရေရွတ်လိုက်သည်၊

ကျင်ဝ ထိတ်လန့်သွားသည်။

'ဆရာက ဦးလေး မုရှံကို ပြောနေတာလား'

ဟု မေးသည်။

စန်တုက

'ဟုတ်တယ်၊ ဟောဒီမှာကြည့်ပါလား၊ သူအသုံးပြုနေကျ လက်နက်ပုန်းလေးတွေ'

လှကဲထဲရောက်နေသည့် လက်နက်ပုန်းလေးများကို လက်ဝါးပေါ် ဖြန့်ကာ ပြောလိုက်သည်။

ကျင်ဝ မျက်နှာမျက်သွားသည်။

မုရှိမှာ သေသွားပြီဖြစ်သည်။

မုရှိ၏လက်နက်ပုန်းက်ည် ဤနေရာသို့ ရောက်လာစရာ အကြောင်း မရှိပါချေ။

ကျင်ဝသည် လက်နက်ပုန်းလေးများကိုကြည့်ကာ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

ယခု

ထိုလက်နက်ပုန်းသေးများသည် အဘယ်ကြောင့် ရောက်ရှိလာရသည်ကို နားလည်သဘောပေါက်လိုက်ပြီ ဖြစ်သည်။

မုရှိအားရှင်းပစ်ခဲ့သည့် ဝါပေရောက်လာပြီးမဟုတ်လား။
'ဟား...ဟား...ဟား'



စန်တု ဟားတိုက်ရယ်လိုက်သည်။

'မုရှိ မင်းရောက်လာမှတော့ ဘာကြောင့်ဝင်မလာသေးတာလဲ'

ဟု ပြောလိုက်၏။
ထိုစဉ်..
'ဟူး'

အရိပ်မည်းမည်းတစ်ခုသည် ကျောက်တုံးအိမ်ထဲသို့ ခုန်ဝင်သွားသည်။

စန်တုက

'မုရှိ မင်းက ဘာသဘောလဲကွ'

ဟု အော်ပြောရင်း လက်ဝေ့ယမ်းလိုက်သည်၊

အရိပ်မည်းမည်းသဏ္ဌာန်သည် စန်တု၏လက်ထဲသို့ ရောက်သွားသည်။

ထိုအရာဝတ္ထုမှာ အင်္ကျီတစ်ထည်ဖြစ်သည်။

မုရှိ၏ အင်္ကျီဖြစ်သည်။

သူ နှာခေါင်းရှုံ့လိုက်သည်။

'မုရှိ မင်းရဲ့အင်္ကျီကလဲ အရက်စော် နံဟောင်နေတာပါ့လားကွ'

ဟု ပြောကာ ကြမ်းပြင်ပေါ် ပစ်ချလိုက်သည်။

အင်္ကျီမှာ ညစ်ပေးနေပြီး ဆီချေးနှင့်အရက်များ စိုစွတ်နေပုံရသည်။

သူက ပေကျံသွားသဖြင့် အင်္ကျီဖြင့်သုတ်လိုက်သည်။

သို့သော်

သူ၏လက်မှ အစွန်းအထင်းများ ပျောက်မသွားချေ။

သူ မျက်မှောင်ကုတ်သွားသည်။

'ဒါ ဘယ်လိုဖြစ်တာလဲ'

ဟု ရေရွတ်လိုက်သည်။

လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်သော်လည်း ပြောင်စင်မသွားသည့်အပြင် လက်ဝါးနှစ်ဖက်စလုံး ညိုမည်းလာသည်ကို တွေ့ရသည်။



စန်တုမျက်လုံးပြူးသွားသည်။

'အဆိပ်ပါလား....

တစ်စုံတစ်ယောက်က သူ့အပေါ် အကောက်ကြံလိုက်ပြီဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

စန်တု ဒေါသထွက်သွားလေသည်။

ကျင်ဝကိုကြည့်လိုက်ပြီး....

'တစ်ယောက်ယောက်ကတော့ ငါ့ကို အကောက်ကြံပြီ၊ ...ကိစ္စမှာ မင်းရောဘယ်လိုပတ်သက်နေသလဲ—

ဟု မေးလိုက်သည်။

ကျင်ဝ နောက်ဆုတ်လိုက်သည်။

စန်တုက....

'မင်းလဲပတ်သက်နေရမယ်..

ပြောရင်း ရှေ့သို့တိုးလာသည်။

ထိုစဉ်

'ဟုတ်တယ်၊ ကျွန်မက ရှင့်ရဲ့သိုင်းကျွမ်းတို့လိုချင်တယ်လေ၊ ဒါကြောင့် သူ့ကိုအရင်လွှတ်ပြီး အခြေအနေစုံစမ်းခိုင်းလိုက်တာပဲ'

စကားသံတစ်ခု ထွက်လာသည်ကို ကြားလိုက်ရသည်၊ စန္ဒီတုက လှည့်ကြည့်လိုက်သည်။

ထိုအခါ

ကျောက်တုံးအိမ်ထဲသို့ လှမ်းဝင်လာသည့် ဝါပေအား တွေ့မြင်လိုက်ရလေသည်။

Z Z Z

ဝါပေ

ဝါပေရောက်လာပြီဖြစ်သည်။

စန်တုက ဝါပေအားမျက်လုံးပြူး၍ကြည့်စော…

'မင်း….မင်း….ဝါပေ—



'ဟုတ်ပါတယ်ရှင်….

ဝါပေက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

စန်တုက

'မင်း….မင်း….သေသွားပြီဆို…

'ကျွန်မ သေသွားပြီလို့ ဘယ်သူပြောသလဲ…

'မင်း..မင်း….

'ကျွန်မက ရှင်တို့ရဲ့ သိုင်းကျွမ်းတွေကို လိုချင်တယ်လေ၊ ဒါကြောင့် ရှင်တို့ကို လှည့်စားလိုက်တာပေါ့…

'ငါ့ရဲ့သိုင်းကျွမ်း ဟုတ်လား—

'ဟုတ်တယ်'

စန်တုက….

'ကျုပ်ရဲ့သိုင်းကျွမ်းကို ဘယ်တော့မှမရစေရဘူး..

ပြောရင်း ကျောက်ဖျာကြီးဆီသို့ ပြေးသွားလေသည်။

ထို ကျောက်ဖျာကြီး၏အပေါ် ချပ်ကို မယူလိုက်၏။

ကျောက်ဖျာနှစ်ချပ်ကြား၌ သိုင်းကျမ်းတစ်ခု ရှိကြောင်း အလည်ကိုတွေ့မြင်နိုင်၏။

စန်တုက ကျောက်ဖျာကြီးကို လက်တစ်ဖက်ဖြင့်မထားပြီး ကျန်လက်တစ်ဖက်က သိုင်းကျမ်းကို လှမ်းယူလိုက်သည်။

ထိုအချိန်မှာပင်..

'ဝှစ်'

ဝါပေကအနီးသို့ရောက်ရှိသွားပြီး စန်တုကိုတိုက်ခိုက်လိုက်သည်။

အမှန်ဆိုလျှင်....

စန်တုသည် သိုင်းကျမ်းကိုယူဖို့ထက် ဝါပေအားရင်ဆိုင်ဖို့ ကောင်းသည်ဟု ကျင်ဝေက ယူဆမိလေသည်။

အဖြစ်မှန်ကို ကျင်ဝေနားမလည်နိုင်ပါချေ။ စန်တုက သူ၏ လက်နှစ်ဖက်၌ အညိုရောင်သမ်းလာသည်ကို တွေ့လျှင် မှိုင်း ညစ်ပေသော အကျီမှတစ်ဆင့် အဆိပ်မိသွားပြီ ဖြစ်ကြောင်း ရိပ်မိလိုက်၏။



အဆိပ်မိထားလျှင် ဝါပေအား ရင်ဆိုင်ဖို့ခက်မည် ဖြစ်ကြောင်းလည်း သဘောပေါက်မိသည်။

ထို့ကြောင့်

သိုင်းကျမ်းကိုယူ၍ ဖျက်ဆီးပစ်ရန်ကြိုးစားခြင်းဖြစ်သည်။

ဝါပေက စန်တုအနီးသို့ ရောက်သွားပြီဖြစ်၏။

သူမက ဓားမြောင်တစ်လက်ဖြင့် စန်တု၏ ကျောပြင်ကို ထိုးစိုက်လိုက်သည်။

စန်တုက မရှောင်နိုင်တော့ပါ။

'အား'

စူးရှစွာအော်ဟစ်ရင်း ရှေ့သို့ လဲကျသွားသည်။

ဤတွင်

ကျောက်ဖျာကြီးကိုမထားရာမှ လက်လွတ်သွားသည်ဖြစ်

'ဝုန်း'

ကျောက်ဖျာကြီးသည် သူ၏ခန္ဓာကိုယ်ပေါ်သို့ ပိကျသွားလေ၏။

စန်တူမှာ ကျောက်ဖျာနှစ်ခုကြား၌ ညပ်ပိသလို ဖြစ်သွားလေ၏။

z z z

'အား'

ဆူးရှစွာအော်သံကြီး ကျယ်လောင်စွာထွက်ပေါ်လာ၏၊

စန်တူသည်ကျောက်ဖျာကြီးနှစ်ချပ်ကြား၌ညပ်ပိသွား၏၊

သူ၏ခန္ဓာကိုယ်မှ အရိုးတို့ စိစိညက်ညက်ကျေသွားပြီး တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲသွား၏။

အချို့သော သွေးစက်တို့သည် ကျောင်းဝ၏ မျက်နှာသို့ပင် လာ၍ စင်သည်။

'အောင်မယ်လေး...



ကျောင်ဝ အထိတ်တလန့်အော်၍ ကပျာကရာ နောက်ဆုတ်လိုက်၏။

'ဟား ဟား ဟား—

ဝါပေ ဟားတိုက်ရယ်လိုက်သည်။

'စန်တူ၊ ခုတော့ ရှင် ဘာတတ်နိုင်သေးသလဲ—

ဟု ပြောလိုက်သည်။

စန်တူကား လူးလွန့်နေသေးသည်။

လှုက်ထဲရောက်နေပြီဖြစ်သော သိုင်းကျွမ်းတို့ ဖျက်ဆီးပစ်ရန် ကြိုးစားနေသည်။

သို့သော်

ဝါပေက သူ၏အနီးသို့ ရိုပ်ခနဲရောက်သွားပြီး ငယ်ထိပ်ကို လက်ဝါးဖြင့်ရိုက်ချလိုက်၏။

'ခွမ်း'

ရေအိုးတစ်လုံး ရိုက်ခွဲလိုက်သကဲ့သို့ ကျယ်လောင်သည့် အသံ ထွက်ပေါ်လာသည်။

စန်တုရဲ့ ဦးခေါင်းမှာ ကွဲအက်ကြေမွ၍ သွေးချင်းချင်း နီရဲသွားၿ၏။

စန်တု အသံပင်မထွက်နိုင်ဘဲ အသက်ပျောက်သွားလေ၏။

'ဟား ဟား ဟား–

ဝါပေ ဟားထိုက်ရယ်ပြီး စန်တုရဲ့လက်ထဲမှသိုင်းကျမ်းကို ဆွဲယူသည်။

ယခု

သူမသည် စန်တုရဲ့ သိုင်းကျမ်းကို ရရှိပြီဖြစ်သည်။

ကျင်ဝဘက်သို့လှည့်ကာ....

'မင်းသိပ်တော်တယ်....

ဟု ချီးကျူးလေသည်။

ကျင်ဝက....

'ကျွန်..ကျွန်တော်'

ဝါပေက–



'မင်းကသာ သိုင်းကျမ်းဝှက်ထားတဲ့နေရာကို တွေ့အောင် မရှာနိုင်ရင် ငါလဲ ရနိုင်ဖို့အကြောင်းမရှိဘူး'

ကျင်ဝက ခေါင်းငုံ့ထားလေသည်။

သိုင်းကျမ်းဝှက်ထားသည့်နေရာကို သူကရှာဖွေတွေ့ရှိသည်နှင့် ဝါပေက ချက်ချင်း အလစ်အငိုက်ဖမ်း၍ သုတ်သင်ပစ်သည်ချည်းဖြစ်သည်။

ထို့ကြောင့်–

စန်တု၊ မုရှုံနှင့် လင်ကိုတို့ 'သေဆုံးကြရခြင်း ဖြစ်သည်ဟု ယုံကြည်မိသည်။

ကျင်ဝဏာ အပြစ်ရှိသူတစ်ယောက်၊ လူသတ်သမားတစ်ဦးဟု ကိုယ့်ကိုယ်ကို ခံယူလာမိသည်။

ဝါပေကားစန်ညီရဲ့သိုင်းကျမ်းကိုကြည့်၍အကြီးအကျယ် သဘောကျနေပါသည်။

'ဟား ဟား ဟား၊ ခုဆို သိုင်းကျမ်းသုံးခု ငါ့လက်ထဲ ရောက်လာပြီ၊ နောက်ထပ်သုံးခု ရောက်လာဖို့ပဲ ကျန်တော့တယ်–

ကျင်ဝရဲ့ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

နောက်ထပ်သိုင်းကျမ်းသုံးခုရှိဖို့အတွက်လူသုံးဦး၏အသက်ကို စတေးရဦးမည် မဟုတ်ပါလား။

ဝါပေသည် ကျင်ဝဘက်သို့လှည့်ပြီး....

'ကျင်ဝ ဒီတစ်ခါ မင်း ချူရောင်ဆီကို သွားရသုမ့်မယ်'

ဟု ပြောလေသည်။

ကျင်ဝ ခေါင်းငုံ့ထားလေသည်။

ဝါပေက

'သိုင်းကျမ်းခြောက်ခုစလုံး ငါ့လက်ထဲရောက်လာပြီဆိုရင် သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားကြီးဖြစ်လာပြီပေါ့၊ ဒါဆိုရင်....'

သူမ ဆက်ပြောသည့်စကားများကို ကျင်ဝ မကြားနိုင်ပါတော့ချေ။

ဦးခေါင်းထဲ မူးနောက်တာ နားထဲ လေးများတဟူးဟူး ထွက်နေ၏။

မျက်လုံးများသည်၊ ဝေဝါးနေသည်။



မျက်ခွံသည်များက သူ၏မျက်လုံးထဲ ပြည့်လျှံနေသည် မဟုတ်ပါလား။

မည်သို့ဆိုစေ

ဆရာဖြစ်သူ ဓေခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။

X X X

ရှောင်ချမ်းမြို့။

ရှောင်ချမ်းမြို့သည် စည်ကားသိုက်မြိုက်လှသော မြို့ကြီးတစ်မြို့ဖြစ်သည်။

ရှောင်ချမ်းမြို့စားကြီးသည် သိုင်းပညာ ဝါသနာပါသူဖြစ်သည်။ ထို့ကြောင့်လည်း နှစ်စဉ်နှစ်တိုင်း သုံးလပိုင်းလဆန်းသုံးရက်နေ့သို့ ရောက်လျှင် အနယ်နယ်အရပ်ရပ်မှ သိုင်းသမားများကို ဖိတ်ခေါ်ကာ ရှောင်ချမ်းမြို့တွင် သိုင်းပညာပြိုင်ပွဲ ကျင်းပလေ့ရှိသည်။

ရှောင်ချမ်းမြို့စားကြီးနှင့် ခင်မင်ရင်းနှီးသော သိုင်းလောကသားများသည် သိုင်းပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်း ကူညီကြသည်။

ထို့အပြင်....

သိုင်းသမားကြီးချူရှောင်က ထိုပြိုင်ပွဲကို ကြီးကြပ်ကာ စည်ကားသိုက်မြိုက်စွာ ဖြစ်အောင်ကျင်းပပေးလေသည်။

ချူရှောင်၏မျက်နှာကြောင့် ပြိုင်ပွဲသည် နှစ်စဉ်လို ကြက်ပျံမကျ စည်ကားအောင် သိုက်မြိုက်ခဲ့လေသည်။

Z Z Z

ကျင်ဝ

ကျင်ဝသည် ရှောင်ချမ်းမြို့သို့ ရောက်လာခဲ့ပြီဖြစ်သည်။

များမကြာမီ သိုင်းပြိုင်ပွဲကျင်းပမည် ဖြစ်ရာအနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော သိုင်းသမားများဖြင့် စည်ကား သိုက်မြိုက်နေပါတော့သည်။

ကျင်ဝသည် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသော သူများနှင့်အတူ ရောနှောကာ မြို့ထဲသို့ဝင်လာရင်း တစ်နေရာသို့ အရောက်တွင် ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။



ဝဲဘက်တစ်နေရာရှိ စားသောက်ဆိုင်မှ ထွက်ပေါ်လာသော ဟင်းနံ့များကြောင့်ဖြစ်သည်။

ကျင်ဝ နှာခေါင်းတရှုံ့ရှုံ့ဖြစ်သွားသည်။

ဗိုက်ထဲ တကြုတ်ကြုတ်မြည်ကာ ဆာလောင်လာသည်။

ထို့ကြောင့်

'တစ်ခုခုစားဦးမှပဲ'

ဟု တွေးကာ စားသောက်ဆိုင်ထဲ ကျင်ဝ လှမ်းဝင်လိုက်သည်။ ဆိုင်လုလင်များက မျာပျာသလဲဖိတ်ခေါ်လာကြ၏။

'ကြွပါအစ်ကိုလေး ကြွပါ'

ကျင်ဝအား နေရာထိုင်ခင်းပေးကြသည်။

ဆိုင်ထဲ၌ စားသောက်နေကြသူများဖြင့် စည်စည်ကားကား ဖြစ်နေပါသည်။

ကျင်ဝအတွက် သီးသန့်နေရာ ပေးစရာမရှိတော့ချေ။ အခြား စားသောက်သူလေးယောက်နှင့်အတူ နေရာချပေးလိုက်ခြင်းဖြစ်သည်။

စားပွဲတစ်လုံး၌ လူငါးယောက် ဝိုင်းဖွဲ့အာ စားသောက်နိုင်အောင် စီစဉ်ထားခြင်းဖြစ်သည်။

ကျင်ဝသည် စားပွဲတွင်ရှိနေသော အခြားလေးယောက်ကို ရှုတ်တရက် အမှုမထားဖြစ်ဘဲ စားသောက်ဖွယ်ရာများ မှာကြားကာ စားသောက်လေသည်။

ဟင်းလျာများကာ အရသာရှိလှသည်။

ကျင်ဝသည် ဗိုက်ဆာနေပြီဖြစ်ရာ ခေါင်းမဖော်တမ်း စားသောက်လေသည်။

ထိုစဉ်

ဝိုင်းဖွဲ့ထိုင်နေသူ လေးယောက်အနက် သုံးယောက်က အချင်းချင်း စကားပြောဆိုနေကြသည်ဖြစ်ရာ သူတို့ပြောသည့်စကားများကို အတိုင်းသား ကြားနေရသည်။

ထိုလူ သုံးယောက်သည် အနီရောင်အဝတ်အစားများ ဝတ်ထင်ကားကြ၏။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသဖြင့် သိုင်းသမားများဖြစ်ကြောင်း ထင်ရှားသည်။



ကျန်တစ်ယောက်သည်ကား အသက်လေးဆယ်ခန့် ရှိပြီး အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ထိုလူသည် ဟန်အမူအရာကင်းမဲ့သော မျက်နှာထားဖြင့် အေးအေးဆေးဆေး စားသောက်နေသည်။

ထိုလူသည်ကား အနီရောင်ဝတ်ထားသူ သုံးယောက်နှင့် မည်သို့မျှ မပတ်သက်သည့်သဘော ရှိနေ၏။

အနီရောင်ဝတ်ထားသူ သုံးယောက်သည်း ကျင်ဝနှင့် အနက်ရောင်ဝတ်ဆင်ထားသူတို့အား လုံးဝဂရုမစိုက်ကြချေ။

စားသောက်ရင်း အချင်းချင်း စကားပြောဆိုနေသည်။

သူတို့သည် သိုင်းပြိုင်ပွဲအကြောင်း ပြောဆိုနေကြခြင်း ဖြစ်ပေသည်။

တစ်ယောက်က

'ဒီနှစ်ပြိုင်ပွဲက အတော်ကိုစည်ကားတယ်၊ အရင်နှစ်ကနဲ့ မတူဘူး'

ဟု ပြောလေသည်။

အခြားတစ်ယောက်က

'စည်းအားဆို ဒီနှစ်ပြိုင်ပွဲမှာ ချီးမြင့်မယ့်ဆုကိုလဲ ကြည့်ဦး လေ၊ ငွေသားတစ်သိန်းတန်တဲ့ ရွှေဖလားကို ဆုချီးမြင့်မှာ မဟုတ်လား'

ကျန်တစ်ယောက်က

'ရွှေချမ်းမြို့သားရဲ့ သမီးတော်ကိုယ်တိုင် ချီးမြင့်မှာ ဆိုတော့ အားလုံးက စိတ်ဝင်စားနေတာပေါ့'

ဟု ဝင်ပြောလေသည်။

သူတို့၏စကားများ ကြားရသောအခါ ကျော်ဝက စိတ် ဝင်စားသွားလေသည်။

သူက ချူရှောင်အားရှာဖွေရန် ရွှေချမ်းမြို့သို့ လာခဲ့ ခြင်း ဖြစ်သည်။

ရွှေချမ်းမြို့သည် ချူရှောင်၏ ဇာတိမြို့ဖြစ်သည်။

ရွှေချမ်းမြို့သို့လာစဉ် သိုင်းပြိုင်ပွဲကျင်းပမည့်အကြောင်း သတင်းကြားခဲ့ရခြင်းဖြစ်သည်။

ကျော်ဝ စိတ်ဝင်စားစွာဖြင့် လာခဲ့ခြင်းလဲဖြစ်၏။ သူ[သ] ဝါပေနှင့်အတူ တောထဲတောင်ထဲ၌ နှစ်ပေါင်းများစွာ နေ[] ထိုင်ကာ သိုင်းပညာလေ့ကျင့်ရပါသည်။



ကျော်ဝအား သူ့အားပညာစုံပြီဟု ပြောသည့်အခါ ဓေခိုင်း မည့်ကိစ္စတို့က အဆင်သင့်ရှိနေပါတော့၏။

ကျော်ဝသည် ဆရာဖြစ်သူ၏ အမိန့်ကို မလွန်ဆန်ရဲဘဲ စက် ဆုပ်ရွံရှာဖွယ်ကောင်းသည့် အလုပ်တစ်ခုကို လုပ်နေရခြင်း ဖြစ်၏။

ကျော်ဝ၏စိတ်အစဉ်သည် အမြဲလိုပင်ကျဉ်းကျပ်နေရသည်။

တစ်ခါတစ်ရံတွင် အဝေးသို့ ထွက်ပြေးလိုစိတ်များ ဖြစ် လာ၏။ ကိုယ့်ဘဝကို ကိုယ်မပိုင်ဘဲ ဝါပေခိုင်းသမျှလုပ်နေ ရသဖြင့်မပျော်ချေ။

သူ၏စိတ်တို့ ညစ်နွမ်းနေပြီး အိပ်မက်ထဲ၌ နေရသလိုပမာ ရှိနေရာမှ ရွှေချမ်းမြို့သို့ ရောက်လာသောအခါ စည်စည် ကားကား ရှိနေသည်ကို လည်းကောင်း၊ သိုင်းပြိုင်ပွဲ ကျင်းပ မည့် သတင်းကြောင့် လည်းကောင်း၊ စိတ်ထဲ၌ ရွှင်ရွှင်လန်း လန်း ဖြစ်လာရခြင်းပင်။

ကျော်ဝသည် ဟန်မပျက် စားသောက်ရင်း အနီးရှောင်ဝတ် ထားသူသုံးဦးတို့၏ ပြောစကားများကို စိတ်ဝင်စားစွာနား ထောင်နေလေသည်။

ထိုလူသုံးဦးက မည်သူ့ကိုမျှအမှုမထားဘဲ ပြောဆိုနေ၏။

ပထမလူက

'ရွှေချမ်းမြို့စားရဲ့ သမီးတော်ဟာ ပြိုင်ဘက်ကင်းတဲ့ အလှတစ်ပါးလို ထင်ရှားကျော်ကြားတာပဲ၊ သူ့ကို တွေ့ရ မြင်ရဖို့ခက်တယ်....

'တွေ့ဖူးမြင်ဖူးတဲ့လူလဲရှားတယ်၊ တစ်ပင်တိုင်မြနန်းမှာ အစောင့်အကြပ်တွေနဲ့နေတာကွ'

ဒုတိယလူက

'ရွှေမင်းသမီးလေးကို မြင်ချင်လို့ သိုင်းလောက လူငယ် လူရွယ်တွေ စုရုံးရောက်လာကြတာလဲပါတယ်၊ အင်း...ငါ တို့ရဲ့ သခင်လေးလဲ ရွှေမင်းသမီးရဲ့ သတင်းကို ကြားတာနဲ့ အရူးအမူးဖြစ်နေတာပဲ....

တတိယလူက

'ပြိုင်ပွဲနဲ့ ရွှေမင်းသမီးလေးဟာ ခွဲခြားလို့မရဘူးကွ၊ ဒီနှစ် ပြိုင်ပွဲမှာ ပထမရတဲ့လူကို ရွှေမင်းသမီးရဲ့ သက်တော်စောင့် အဖြစ် ခန့်ထားဖို့ မြို့စားကြီးက စီစဉ်ထားတယ်ဆိုတဲ့သတင်း တွေလဲထွက်နေတယ်၊ ငါတို့ရဲ့သခင်လေးသာ ပထမရရင် သိပ် ကောင်းမှာပဲ....



ပထမလူက

'မပူပါနဲ့ကွာ၊ သခင်လေးဟာ သူ့ရဲ့ပြိုင်ဘက်တွေကို ပြိုင်ပွဲ မစခင်ကတည်းက ကြိုတင်ဆုံးမထားဖို့ စီစဉ်ပြီးပါပြီ-

ဒုတိယလူက

'ဒီနေရာမှာလူများတယ် စကားကြည့်ပြော'

ဟု သတိပေးမှ ကျန်နှစ်ယောက် ကိုယ်ရှိန်သပ်ကြသည်။

သူတို့သည် ကျင့်ဝနှင့် အနက်ရောင် ဝတ်ထားသူတို့ကို တစ်ချက်ကြည့်သည်။

ကျင်ဝက မသိချင်ဟန်ဆောင်နေသည်။

ထိုလူသုံးဦးက ကိုယ့်ဘာသာ မလုံမလဲဖြစ်၍ ခပ်မြန်မြန် စားပြီး ထွက်သွားကြသည်။

z z z

## အဖေ၅

အနီရောင် ဝတ်ထားသူ သုံးဦး ထွက်သွားကြပြီ ဖြစ်၏၊

ကျင်ဝက မှင်သေသေဖြင့် ဆက်၍ စားနေ၏၊

ပြိုင်ပွဲနှင့် ပတ်သက်၍ ၎င်း၊ မြို့စား သမီးတော်နှင့် ပတ်သက်၍ ၎င်း သတင်းထူးများ ကြားသိရသဖြင့် စိတ်လှုပ်ရှားပြီး စားသောက်ရသည်ကိုပင် စိတ်မဝင်စားတော့ချေ။

အနက်ရောင် ဝတ်ထားသူက အရက်ကို ဦးစား ပေး၍ သောက်နေ၏။

သူ စားသောက်ပြီးခါနီးတွင် နောက်ထပ် အနက်ရောင် ဝတ်သူ တစ်ဦး ရောက်လာသည်ကို တွေ့ရ၏။



ထိုလူသည် ကျင်ဝတို့ စားပွဲ၌ပင် ဝင်ထိုင်ချ၏။

မူလရှိနေသည့် အနက်ရောင်လူနှင့် မျက်နှာချင်းဆိုင် ထိုင်ပြီး ထိုလူ၏ အရက်အိုးထဲမှ တစ်ခွက်ငှဲသောက်သည်။

ကျင်ဝ အံ့ဩသွား၏။

ထိုလူကို ကြည့်မိတော့ ထိုလူကား ဟန်မူရာ ကင်းမဲ့သော အသွင်ရှိနေဆဲ၊ နောက်မှ ရောက်လာသူက....

'အင်ကိုကြီး ကျုပ်က အလုပ်တစ်ခု လက်ခံလာခဲ့ပြီ၊ ငွေ အတော်ရမယ့် ကိစ္စပဲ၊ အနီရောင်ရဲ့တိုက်က သံခင်လေးဟာ'

သူ၏ စကားမဆုံးမီ မူလလူက လက်ကာပြ၏၊

ထို့နောက်
'သွားစို့'
ဟုပြော၍ ထိုင်ရာမှ ထ၏၊

ထိုလူနှစ်ဦးသည် စားသောက်ခ ကျသင့်ငွေ ပေးချေ၍ ဆိုင်ထဲမှ ထွက်သွားကြသည်။

ဝ ဝ ဝ

ကျင်ဝ စားသောက်ပြီးပြီ ဖြစ်၏။

သို့သော် ထွက်မသွားသေးဘဲ ဆက်ထိုင်နေမိသည်။

အနီရောင်စတ် သုံးဦးသည်ရင်း၊ အနက်ရောင်ဝတ် နှစ်ဦး၊ သည်ရင်း ထူးခြားသူများ ဖြစ်သည်ကို သတိပြုမိလိုက်သည် မဟုတ်ပါလား။

'ဒီလူတွေဟာ ဘယ်လို လူစားမျိုးတွေပါလိမ့်၊ ပြိုင်ပွဲမှာ အနှောင့်အယှက်ဖြစ်အောင် တစ်ခုခုလုပ်ကြမှာသေချာတယ်'

'ရွှေမင်းသမီးလေးဆရော ဘယ်လိုပါလိမ့်'

အမျိုးမျိုး စဉ်းစားမိသည်။

သိုင်းပြိုင်ပွဲကို စိတ်ဝင်စားလာ၏။

ရွှေမင်းသမီးအား မြင်တွေ့လိုစိတ်များလည်း ဖြစ်လာ၏၊

သူ တွေးတော ငေးငိုင်နေစဉ်မှာပင်....

'ကျုပ် ဒီမှာ ထိုင်မယ်နော်'

စကားသံတစ်ချက်ထွက်ပေါ်လာသည်ကိုကြား၍ သူသတိဝင်လာသည်။



ခေါင်းမော့ကြည့်လျှင် ဝတ်ကောင်းစားလှ ဝတ်ထားသူ လူဝကြီးတစ်ဦးအား တွေ့ရသည်။

လူဝကြီးသည် ပြုံးရွှင်သော မျက်နှာထား ရှိ၏။

သဘောမနှောကော်င်းပြီး နှစ်လိုဖွယ်အသွင်သဏ္ဌာန်ရှိ၏။

ကျင်ဝသည် အလိုလိုနေရင်း လူဝကြီးအား ခင်မင်လိုစိတ် များ ဖြစ်ပေါ်လာသည်။

ထိုင်ပါခင်ဗျာ၊ ထိုင်ပါ'

ဟု ပြော၏။

လူဝကြီးသည် သူနှင့် မျက်နှာချင်းဆိုင် ထိုင်ပြီးလျှင်စား သောက်ဖွယ်ရာများ မှာကြား၏၊

တစ်ဖန် သူ့ကိုကြည့်၍....
'ခမောင်ရင်လေးက စားပြီးပြီကိုး'
ဟု ပြော၏။

သူ ခေါင်းညိတ်၏။
'ဟုတ်ကဲ့၊ကျွန်တော် သွားတော့မှာပါ'
ပြောပြီး ထိုင်ရာမှထ၏။

လူဝကြီးက

'နေပါဦးကွယ့်'

သူ့ကို ဟန့်တား၍ သူ ကြောင်အမ်းအမ်း ဖြစ်မိ၏။

'ဦးက...'

'ထိုင်ပါဦးကွယ်'

လူဝကြီး၏ အသံတွင် ညှို့ငင်ဖမ်းစားနိုင်သော ဆွဲဆောင်မှုတစ်မျိုး ပါရှိသည်။

သူ ထွက်မသွားဖြစ်တော့ဘဲ ပြန်ထိုင်ချသည်။

လူဝကြီးက—

'ကျုပ် တစ်ယောက်တည်း ထိုင်ပြီး စားသောက်ရမှာ ပျင်းလို့ မောင်ရင်လေးကို ခဏထိုင်ခိုင်းတာပါ၊ မောင်ရင့်ရဲ့ ကျသင့်ငွေကို ကျုပ်ပဲ ပေးပါရစေ'

'ဟာ နေပါစေခင်ဗျာ'

အားတို့အားနာ ဖြစ်မိသည်။

သူက စားသောက်စရာ လှာပွဲသော့ ဆိုင်လှူလင်အစ၊—



'ဟောဒီ မောင်ရင်လေး အတွက်လဲ ကျုပ်ပေးပါမယ်'

ဟု ပြော၏။

ကျင်ဝ ငြင်း၍မရတော့။

လူဝကြီးက သူ့ကိုပြုံးပြရင်း...

'မောင်ရင်လေး စားနိုင်သေးရင် ထပ်စားပါလား'

ဟု ပြောသည်။

ကျင်ဝ ခေါင်းခါယမ်း၏။

'မစားနိုင်တော့ပါဘူး ခင်ဗျာ၊ ဗိုက်ပြည့်နေပါပြီ၊ဦးကို ကျေးဇူးတင်ပါတယ်'

လူဝကြီးက—

'ကိစ္စ မရှိပါဘူးကွယ်၊ မောင်ရင်က ကျုပ်ဆန္ဒကို လိုက်လျောတဲ့အတွက် ကျုပ်ကတောင် ကျေးဇူး တင်ရဦးမှာပါ၊ ဒါထက် စောစောက ထသွားတဲ့ မောင်ရင့်ရဲ့ မိတ်ဆွေတွေ မမှတ်လား'

ဟု မေးသည်။
သူခေါင်းခါ၏။
'မဟုတ်ပါဘူး ခင်ဗျာ'

လူဝကြီး မျက်မှောင်ကုတ်မိ၏။
'မောင်ရင့်မိတ်ဆွေမဟုတ်ဘူး'
'မဟုတ်ပါဘူး ခင်ဗျာ'

'ဒါဖြင့် သူတို့က ဘယ်သူတွေလဲ ဆိုတာရော သိသလား။'

သူက
'ကျွန်တော် မသိပါဘူးခင်ဗျာ'
'ဟုတ်မှ ဟုတ်ရဲ့လားကွယ်'
'ကျွန်တော် အမှန်အတိုင်း ပြောနေတာပါ ခင်ဗျာ'

လူဝကြီး ခေါင်းကုတ်လိုက်သည်၊

'မသိပါဘူး၊ ကျုပ်က မောင်ရင်လေးနဲ့ ပတ်သက်နေတယ်ထင်လို့'

'မဟုတ်ပါဘူး၊ ဆိုင်ထဲမှာ လူပြည့်နေတာနဲ့ လွတ်တဲ့ စားပွဲမှာ ဆိုင်လိုလင်က လာပြီး နေရာချပေးတာနဲ့ သူတို့နဲ့ အတူတူ ဝိုင်းဖွဲ့ စားခဲ့ရတာပါ ခင်ဗျာ'



လူဝကြီးက....

'ကောင်း ပြီ၊ သူတို့ ဘယ်သူတွေဆိုတာကို မောင်ရင်မသိဘူးဆိုရင် ကျုပ်ပြောပြရင်ရော....'

သူသည် စိတ်ဝင်စားမှုကို မထိန်းချုပ်နိုင်တဲ့-

'ကျွန်တော် သိချင်ပါတယ်ခင်ဗျာ'
ပြောလိုက်၏၊
လူဝကြီး ပြုံးမိသည်။

'အနီရောင်လူငယ် သုံးယောက်က အနီရောင် ရဲတိုက်ကလူတွေပဲ၊ သူတို့သခင်လေးဟာ ရှိကျန်လို့ခေါ်တယ်၊သိုင်းပညာမဆိုးပါဘူး၊သိုင်းလောကထဲ လျှောက်သွားရင်း မိန်းကလေးတွေကို ဖျက်ဆီးနေတာ အတော်ကို ဆိုးတယ်၊ သူ့အဖေရဲ့ မျက်နှာကို ထောက်ပြီး သည်းခံခွင့်လွှတ်ကြတာ၊ သူက သူ့ကိုယ်သူ ဘယ်သူကမှ မစော်ကားဝံ့ဘူးလို့ ဆိုပြီး မောက်မာတယ်လေ၊ ဒီကောင်လေးဟာ ရွှေခင်ချမ်း သိုင်းပြိုင်ပွဲကိုလာပြီး ဘာရှုပ်ဦးမလို့လဲ မသိဘူး၊ ဒီတစ်ခါ ရှုပ်ဖို့ ကြံစားရင် ဒုက္ခရောက်မှာ သေချာတယ်'

ဟု ပြော၏။
သူက

'သူတို့ ပြောနေကြတဲ့ စကားတွေကို ကျွန်တော်ကြားမိပါတယ်၊ သူတို့ကို ကျွန်တော်လဲ သဘောမကျပါဘူး'

ဟု ပွင့်လင်းစွာပင် ပြောမိသည်၊

လူကြီးက

'သူတို့ ပြောတဲ့ စကားကို ကြားခဲ့တယ် ဆိုတော့ သူတို့ ဘာတွေများ ပြောလို့လဲ'

ကျင်ပက သူကြားခဲ့သမျှကို ပြောပြသည်။

လူကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်ရင်း

'အင်း–သူတို့ဟာ ရွှေခင်ချမ်း ပြိုင်ပွဲမှာတောင် မကောင်းကြံချင်ကြသေးတာကိုး'

ဟု ရေရွတ်မိ၏။

တစ်ဖန်....

'အနက်ရောင်နှစ်ယောက်ကရော ဘယ်သူတွေလဲ ဆိုတာ မင်းသိသလား'



ဟု မေးလာသည်၊

သူခေါင်းခါလိုက်သည်၊

'ကျွန်တော် မသိပါဘူးခင်ဗျာ'

လူကြီးက

'အေး မသိရင် သေချာမှတ်ထား၊ အဲဒီလူ နှစ်ယောက်ဟာ ကြေးစား လူသတ်သမားတွေပဲကွယ့်'

'ဗျာ'

'သူတို့ကို သိုင်းလောကသားတွေက ဘီလူး ညီနောင်လို့ ခေါ်ကြတယ်၊ အမှောင်ကို ရက်စက် ကြမ်းကြုတ်တယ်၊ ငွေရရင် ဘာမဆိုလုပ်တယ်ဆိုတဲ့ လူတွေပေါ့'

သူက—

'ဒီလူတွေကို မြို့စားကြီးက ဖမ်းပြီး အရေးမယူဘူးလား ဟင်'

ဟု မေးသည်။

လူကြီးက

'မပူပါနဲ့ မကြာခင် သူတို့ မှတ်လောက်အောင်ဆုံးမခံရတော့မှာပါ'

သူသည် လူကြီးအား စိတ်ဝင်စားမိသည်။

ခေသူမဟုတ်သည်ကိုလည်း ရိပ်မိ၏။

ထို့ကြောင့်

'ဦးဟာ ဘယ်သူလဲဆိုတာရော ပြောမပြနိုင်ဘူးလား'

ဟု မေးလိုက်သည်။

လူကြီးက

'ဪ—မင်းက ကျုပ်ကို စိတ်ဝင်စားနေဘာကိုး၊ ကျုပ်ကို ရင်းနှီးတဲ့ လူတွေက အပြုံးလူကြီးလို့ ခေါ်တယ်၊ ကျုပ်နာမည်ကတော့ ထန်ကျွမ်လို့ ခေါ်ပါတယ်'

သူက....

'ကျွန်တော့် နာမည် ကျင်ဖလို့ ခေါ်ပါတယ် ခင်ဗျာ၊ ဦးနဲ့ အခုလို မမျှော်လင့်ဘဲ ခင်မင်ရတာကို ဝမ်းသာလို့မဆုံးပါဘူး'



ဟု ပြောလိုက်သည်။

လူကြီး(ဝါ)ထန်ကျွမ်က....

'ကျုပ်ကလဲ မင်းနဲ့ သိကျွမ်းရတာ ဝမ်းသာပါတယ်ကွယ်၊ ဒါထက် ခင်-က ပြိုင်ပွဲဝင်ဖို့ လာတာလား'

ဟု မေးသည်။

ကျင်ဝ ခေါင်းခါလိုက်၏။

'မဟုတ်ပါဘူးခင်ဗျာ၊ အလည်သက်သက် လာခဲ့တာပါ'

'ဪ—သိုင်းပြိုင်ပွဲ လာကြည့်တာပေါ့'

ကျင်ဝသည် သူ၏ လာရင်းကိစ္စကိုအမှန်အတိုင်း မပြောလိုသဖြင့်....

'ဟုတ်ပါတယ်ခင်ဗျာ'
ဟု ပြောသည်။
ထန်ကျွမ်က

'ပြိုင်ပွဲက သည်ကနေ့ ညနေပိုင်းမှာ စတင်လိမ့်မယ်ကွယ့်'

'ဟုတ်ကဲ့-ကျွန်တော် သွားကြည့်မှာပါ'
ထိုစဉ်....
'ဦးလေးသန့်'

ခေါ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားရသည်။

သူတို့ နှစ်ဦး လှည့်ကြည့်လိုက်မိသည်။

ထိုအခါ အပြာရောင် ကိုယ်ကြပ်အင်္ကျီ ဝတ်ထားပြီးခါး တစ်လက် ခါး၌ ချိတ်ထားသည်၊

မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်၊ မျက်ခုံး ကောင်းကောင်း၊ ကျစ်ဆံမြီးရှည် နှစ်ချောင်းကို ပခုံးဝဲယာတစ်ဖက် တစ်ချက်၌ ချထားသည့် ချစ်စရာ ကောင်းသူလေး ဖြစ်၏။

ကျင်စသည် သူမကို မြင်လျှင် မင်တက်မိ၍ ငေးကြည့်မိလေသည်။

ထန်ကျွမ်ကမူ ဝမ်းသာအားရဖြစ်သွား၏။

'ကျိရင် မင်း ခုမှရောက်လာသလား၊ ဘယ်သွားနေလဲ'



ဟု ဆီး၍ပြောလေသည်။

ချစ်စရာကောင်းသည့် မိန်းကလေး (ဝါ) ကျိရင်က နှုတ်ခမ်းလေးစူလိုက်သည်။

'ဦးလေးထန်က ဒီမှာ အေးအေးဆေးဆေးထိုင်ပြီး စားနိုင်တယ်၊ ကျွန်မမှာတော့ ပြေးလွှားနေရတယ်၊ ဒါတောင်မှ ကျွန်မကိုအပြစ်တင်နေသေးသလား'

ဟု ပြောသည်။

'ဟား ဟား ဟား'

ထန်ကျွမ်က ရယ်မောလိုက်သည်။

'ကျုပ်က မင်းကို တွေ့ချင်ဇောနဲ့ပြောမိတာပါ၊ ကျုပ်ကို စိတ်မဆိုးပါနဲ့၊ ကဲ ကဲ ထိုင်ပါဦး၊ မင်းအတွက် စားစရာတွေ မှာထားပါတယ်'

ဟု ချော့ချော့မော့မော့ပြောလေသည်။

ကျိရင်ကပြုံးလိုက်သည်။

'ဒီလိုဆိုတော့လဲ ဦးလေးထန်အာ ချစ်ဖို့ကောင်းပြန်ရော'

သူမက ထန်ကျွမ်းနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

ဤတွင်

ကျောင်ဝနှင့် ဘေးချင်းယှဉ်ထိုင်မိသလိုဖြစ်သွား၏။

ကျောင်ဝ နေမထိထိုင်မသာဖြစ်သွားသည်။

ကျုံရင်၏ ကိုယ်သင်းနံ့ကြောင့် မျက်နှာ မထားတတ်အောင် ဖြစ်လာသည်။

မိန်းကလေးတစ်ယောက်နှင့် နီးနီးကပ်ကပ်မနေရဲသေး ဖြစ်နေလေသည်။

ကျုံရင်နှင့်ထန်ကျွမ်းတို့အား ကျောင်ဝကိုရှက်တရက်မေ့နေ၏

ထန်ကျွမ်းက

'ကဲ စားလိုက်ပါဦး'

ကျုံရင်အား စားစရာတို့ဖြင့်ကျွေးမွေးညှော်၏။



ကျုံရင်ကလည်း....

'ဆာနေတာနဲ့အတော်ပဲ'

ဟု ပြော၍ အားရပါးရစားလိုက်သည်။

ထန်ကျွမ်းက—

'ငါတို့မကြီးက ရှောင်ချမ်မြို့ကိုရောက်လာတာနဲ့ ထူးခြားတာတွေကို တွေ့နေပြီထင်တယ်'

ဟု စကားနှိုက်လေသည်။

ကျုံရင်က

'ဘယ်လိုပြောလိုက်တာလဲ ဦးလေးသန်ရယ်၊ ဒီနှစ် ရှောင်ချမ်ပြိုင်ပွဲကိုကြည့်ဖို့ အိမ်ကထွက်လာမိတာ မှန်သွားပြီ'

ထန်ကျွမ်းက

'ဘယ်လိုမှန်တာလဲ ပြောပါဦး'

ကျုံရင်က

'ဦးလေးထန်က ကျွန်မအရင်ရှောင်ချမ်းကိုရောက်လာတာပဲ၊ ကျွန်မကို မေးဖို့လိုဦးမှာလား'

ထိုစကားကြားလျှင်....

'ဟား ဟား ဟား'

ထန်ကျွမ်က သဘောကျစွာ ရယ်လေသည်။

ကျိုရင်ကဗိုက်ဆာနေသည့်သဘောဖြင့် ပလုပ် ပလောင်း စားရင်း....

'ရှောင်ချမ်းမြို့စားကြီးက ဆုငွေ တစ်သိန်းပေးမယ်ဆိုတာရယ်၊ ရွှေမှင်းသမီးလေးရဲ့ သက်တော်စောင့် ရှာမယ်ဆိုတဲ့အတင်းကြောင့် သိုင်းလောကလူငယ်လူရွယ်တွေ တော်တော်များများ ရောက်လာကြတယ်...'

'လူကောင်းရော လူဆိုးရောစုံလို့ပဲ၊ သေသေချာချာကြည့်ရင် ပြဿနာ တစ်ခုမဟုတ်တစ်ခု ပေါ်လာမှာတော့အမှန်ပဲ'

ဟု ပြောလာသည်။



ထန်ကျွမ်က....

'မင်းကော သိုင်းလောက ပြဿနာတွေထဲ ပါချင်တယ်ပေါ့ ဟုတ်လား'

'ဟင်–'

ထန်ကျွမ်ပြောလိုက်သည့် စကားကြောင့် ကျိုရင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ပေါက်စီတစ်လုံးကို စားနေရာမှ နင်သွားသလို မျက်လုံးကြီးပြူး၍ ထန်ကျွမ်ကို ကြည့်လိုက်သည်။

သူမ၏ အမူအရာကြောင့်–
'ဟား ဟား ဟား'
ထန်ကျွမ် ရယ်လိုက်၏။

ကျိုရင် ပေါက်စီကို အတင်း မျိုချပြီး

'ဦးလေးထန် မကောင်းဘူး၊ ကျွန်မကို ပြဿနာ ရှာတဲ့ မိန်းကလေးလို့ ပြောတာပေါ့လေ'

ဟု မကျေမနပ် ပြောသည်။

ထန်ကျွမ် လက်ကာပြ၏။

'ကျုပ်က ဒီလိုသဘောမျိုး ပြောတာ မဟုတ်ပါဘူးသေ၊ မင်းရဲ့အဖေက မင်းကို သိုင်းလောကမှာ ကျင်လည်ကျက်စားခွင့်ပြုလိုက်ပြီ မဟုတ်လား၊ ဒါကြောင့် မင်းကသိုင်းလောကအကြောင်းကို ထဲထဲဝင်ဝင် လေ့လာတော့မယ်လို့ ပြောတာ'

ကျီရင် နှာခေါင်းရှုံ့၏။

'ဦးလေးထန်က စကားတတ်တိုင်း ပြောနေတာကို၊ ဦးလေးထန်ပဲ မကောင်းသူပယ် ကောင်းသူ ကယ်ရမယ်လို့ပြောထားသေးတာပဲမဟုတ်လား'

ထန်ကျွမ်က

'ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ် ဟား ဟား ဟား'

သူတို့နှစ်ဦးကိုကြည့်ရင်း ကျင်ဝမှာ လွတ်လပ် ပျော်ရွှင်မှုအရသာကို ခံစားလာရ၏။



စိတ်ထဲ ပေါ့ပါးလန်းဆန်းလာ၏။

ထိုစဉ်

'ဦးလေးထန် သူကရောဘယ်သူလဲ'

ကျင်ဝကို ညွှန်ပြ၍ သူမက မေးလာ၏။

ထန်ကျွမ်က

'ဩြော်...သူက ကျင်ဝပေါ့၊ ပြိုင်ပွဲလာကြည့်တဲ့ လူငယ်တစ်ဦးပေါ့'

ဟု ပြောပြသည်။

ကျင်ဝက မနေနိုင်တော့ဘဲ လက်နှစ်ဖက် ဆုပ်၍ ဦးညွှတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်နာမည် ကျင်ဝလို့ခေါ်ပါတယ်၊ ပြိုင်ပွဲကြည့်ဖို့ လာခဲ့တာပါ'

ဟု ပြောလိုက်၏။

ကျီရင်က ပြုံးမိ၏။

'ကောင်းတယ်ရှင့်၊ ပွဲကြီးပွဲကောင်း ကြည့်ရမှာ သေချာတယ်၊ ကျွန်မတို့ စားသောက်ပြီးရင် အတူ သွားတာပေါ့'

သိုင်းလောကသားတို့သည် လွတ်လပ်သည်၊ ပွင့်လင်းသည် ရင်းနှီးဖော်ရွေမှု ရှိကြ၏။

သိုင်းပညာ အားကိုးဖြင့် ဆိုးသွမ်းမိုက်မဲနေသူများ၊ အတ္တသမားများသာ ကင်းစင်သွားမည်ဆိုပါလျှင် သိုင်းလောကကြီး ထာဝစဉ် သာယာ၍ ပျော်စရာကောင်းမည် ဖြစ်သည်။

သူသည် အထီးကျန် အဖော်မဲ့ဘဝမှ မိတ်ဆွေတို့ရရှိလာသည့်အခါ ဝမ်းသာပျော်ရွှင်လာ၏။

ရွှေချမ်းသိုင်းပြိုင်ပွဲအား သွားကြည့်ရန် ဆုံးဖြတ်မိ၏။

မကြာပါချေ၊ စားသောက်ပြီး၍ ကျိုရင်နှင့် ထန်ကျွမ်တို့ ထွက်သွားကြသည့်အခါ ကျင်ဝလက်း လိုက်ပါ သွားသည်။

z z z



မွန်းလွဲချိန် ဖြစ်သည်။

ရွှေချမ်းမြို့ အရှေ့ဘက်ရှိ ကွင်းပြင်ကျယ်ကြီး အတွင်း ပရိသတ်များ စည်ကားနေသည်။

မကြာမီ သိုင်းပြိုင်ပွဲ ကျင်းပတော့မည် ဖြစ်သည်။

မြေကွက်လပ်တွင် စင်မြင့်တစ်ခု ဆောက်လုပ်ထား၏။

စင်မြင့်ပေါ်၌ ပြိုင်ပွဲဝင်များ တက်ရောက် ယှဉ်ပြိုင်ကြရလိမ့်မည်ဖြစ်၏။

စင်မြင့်ထက်တွင် ယာယီမဏ္ဍပ် ဆောက်လုပ်ထား၏။

ထိုမဏ္ဍပ်အတွင်း၌ မြို့စားနှင့် ပြိုင်ပွဲအကဲဖြတ် သမာဓိလူကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအတွက် နေရာထိုင်ခင်း ပြင်ဆင်ပေးသည်။

ကျင်ဝတို့ ရောက်လာသောအခါ မြေကွက်လပ်တွင် လူစည်ကားနေပြီဖြစ်၏။

သိုင်းပြိုင်ပွဲ စတင် ကျင်းပရန် ကြေညာနေပြီ ဖြစ်သည်။

ထန်ကျွမ်က

'တူမကြီး မင်းဦးလေးကို သွားပြီး နှုတ်ဆက်ဦးမလား'

ဟု ကျိရင်ကို မေးသည်။

သူမ ခေါင်းခါပြ၏။
'နောက်မှပဲ သွား နှုတ်ဆက်မယ်'
ထန်ကျွမ်ဏ ပြုံးသည်။

'ဘာလဲ၊ မင်းဦးလေးနဲ့တွေ့ရင် ခေါ်ထားလိုက်မှာစိုးလို့လား'

'ဟုတ်တယ်၊ ဟင်း ဟင်း ဟင်း'

သူမဏ အမှန်အတိုင်း ခေါင်းညိတ် ဝန်ခံ၍ ရယ်မော၏။

ကျင်ဝဏ သူတို့အား ငေးကြည့် နေသော်လည်း သူတို့ ပြောသည့် စကားတို့ကို နားမလည်နိုင်အောင် ဖြစ်နေသည်။

ထိုစဉ်....



စင်မြင့်ပေါ်သို့ လူငယ်နှစ်ဦး တက်ရောက်လာကြပြီးသိုင်းပညာ ပြိုင်နေကြသည်။

ကျိရင်က

'ဦးလေးထန် ဘယ်လို သဘောရသလဲ'

ထန်ကျွမ်အား ပြိုင်ပွဲနှင့် ပတ်သက်ပြီး မေးလိုက်သည်။

သူက ခေါင်းခါယမ်းလေသည်။

'မဟန်ပါဘူး'
'ဘယ်လိုမဟန်တာလဲ'
'ကြည့်လေ'

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင်—

'ဝုန်း'
'အား'
'အမယ်လေး'

စူးရှသော အသံများ ထွက်ပေါ်လာသည်ကို ကြားရ၏။

စင်မြင့်ပေါ်မှ လူနှစ်ဦးမှာ အောက်သို့ ထိုးကျလာသည်ကို တွေ့လိုက်ရလေသည်။

ဤတွင်....
'ဟား ဟား ဟား'
'သိုင်တော်တဲ့လူတွေပဲ'
'ရယ်ရတယ်ဟေ့'

ပရိသတ်များ၏ တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ထွက်ပေါ်လာသည်။

ကျော်ဝ ပြုံးလေသည်။

ပထမဦးဆုံး ယှဉ်ပြိုင်သောသူများသည် အရည်အချင်း ပြည့်ဝသော သိုင်းသမားများမဟုတ်ကြောင်း သူလဲ ရိပ်မိလေသည်မဟုတ်ပါလား။

ကျော်ရဲက ပြုံးပြီး

'ဟော....နောက်ထပ် ပြိုင်မယ့်လူတွေ ရောက်လာပြန်ပြီ'

ဟု ပြောလေသည်။



မှန်ပေသည်။

နောက်ထပ် ပြိုင်မည့်သူများ စင်မြင့်ပေါ်သို့ရောက်လာကြသည်။

ပြိုင်ပွဲဝင်များသည် တစ်တွဲပြီးတစ်တွဲ စင်မြင့်ပေါ်သို့ တက်ရောက် ယှဉ်ပြိုင်ကြသည်။

သို့သော် ပြိုင်ပွဲသည် ရယ်စရာပင် ကောင်းနေသည်ဟု ကျော်ဝ သင်မှတ်မိသည်။

ထို့အတူ

'ရယ်စရာကောင်းအောင်းသေးတယ်၊ ဦးမယ် ဦးလေးထန် ပြိုင်ပွဲက ဘယ်နှစ်ရက်ကျင်းပမှာလဲဟင်'

ကျော်ရင်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားရသည်။

ထန်ကျမ်က

'ခုနစ်ရက်တိုင်တိုင် ကျင်းပမှာပေါ၊ ပထမဦးဆုံးနေ့ဆိုတော့ ဝါသနာပါသူတွေကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုထား

ပါတယ်၊ ပညာရှင်တွေကတော့ ဒုတိယနေ့ကမှ စပြီး ပါဝင် ယှဉ်ပြိုင်ကြလိမ့်မယ်'

ကျော်ရင်က

'ကြည့်ရတာ ပျင်းစရာကောင်းပါတယ် ကျွန်မတို့ သွားကြပါစို့'

'ကောင်းသားပဲ'

ထန်ကျူမ်က သဘောတူလေသည်။

ကျင်ဝ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ထန်ကျူမ်က သူ့အား နှုတ်ဆက်လေသည်။

'မောင်ရင်လေး ကျုပ်တို့သွားတော့မယ်၊ မနက်ဖြန်မှ တွေ့ကြသေးတာပေါ့'

ကျင်ဝက ခေါင်းညိတ်သည်။

'ကောင်းပါပြီဗျာ'



ကျော်ရင်က ခွဲခွာကာနီး သူ့အား ပြုံးပြလျှင် ကျင်ဝ၏ ရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။

ကျော်ရင်နှင့်ထန်ကျူမ်တို့သည် နှုတ်ဆက်ကာ ထွက်သွားကြသောအခါ ကျင်ဝမှာ ရင်ထဲ ဟား၍ကျန်ရစ်ခဲ့လေသည်။

—

## ပြဿနာအစ

---

ကျွန်ုပ်ရင်တို့ ထွက်သွားပြီဖြစ်သည်။

ကျင်ဝသည် ပြိုင်ပွဲကြည့်နေသော ပရိသတ်များကြား၌ ယောင်လည်လည်ဖြင့် ကျန်ရစ်ခဲ့သည်။

ပြိုင်ပွဲကိုကြည့်နေသော်လည်း စိတ်မပါတော့ပါ။

ထိုကြောင့် ထွက်သွားဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ထူးခြားသောအဖြစ်အပျက်တစ်ခု ပေါ် ပေါက်လာသည်ကို တွေ့မြင်ရသည်။



စင်မြင့်ပေါ်၌ မိန်းကလေးတစ်ဦးက ထက်ရောက် ယှဉ် ...င်လာခြင်းဖြစ်သည်။

ထိုမိန်းကလေးမှာ အစိမ်းရောင်ဝတ်ထားပြီး ချောမော ...ပသူလေး ဖြစ်သည်။

သူမသည် ပြိုင်ဘက်ဖြစ်သော သိုင်းသမားလူခယ်အား ...စ်ခဏအတွင်းမှာပင် အနိုင်ယူလေသည်။

ထိုအဖြစ်အပျက်ကြောင့်

'ဟေး....ဟေး'

'သူရဲကောင်းမလေး မေစုကွ'

ဩဘာပေးသံများ ကျက်ကျက်ညံသွားသည်။

မေစုဆိုသောမိန်းကလေးသည် သိုင်းပညာ မခေသူဖြစ် ...ကြောင်း ကျင်ဝ သတိပြုမိသည်။

မေစုသည် နောက်ထပ်ပြိုင်ပွဲဝင်သုံးယောက်ကို ထပ်မံ ...နိုင်ယူလေသည်။

ထိုနောက် ပရိသတ်ကို ဂါရဝပြုကာ စင်မြင့်ပေါ်မှ ဆင်းသွား၏။

မကြာပ်အတွင်း၌ လူရှင်းနေသည်။

ရှောင်ချမ်း မြို့စားကြီးနှင့် ရွှေမင်းသမီး လေးတို့သည် ဒုတိယနေ့မှသာ ရောက်လာကြမည်ဖြစ်သည်။

ကျော်ဝသည် မေစုဆိုသောမိန်းကလေးကို ချီးကျူးမိ၏၊

နေဝင်ကာနီးအချိန်တွင် ပထမဆုံးနေ့ ပြိုင်ပွဲပြီးသွား၏၊

ဝါသနာရှင်များ၏ ပွဲပြီးသွားပြီ ဒုတိယနေ့တွင် တကယ့် ပညာရှင်များ ပြိုင်ပွဲဝင်ကြလိမ့်မည်ဖြစ်သည်။

ကျော်ဝသည်လည်း အခြားသော ပြိုင်ပွဲကြည့်သူများနှင့် ရောနှောကာ မြေကွက်လပ်မှ ထွက်လာခဲ့သည်၊

Z Z X



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ် သွားပြီဖြစ်သည်။

ရှောင်ချမ်းမြို့ကား မီးရောင်များ ထိန်ထိန်လင်းကာ စည် ကား သိုက်မြိုက်နေဆဲဖြစ်သည်။

ကျော်ဝသည် သိုင်းဆရာကြီး ချူရောင်၏အိမ်သို့ သွား ရောက် အကဲခတ်ပြီးပြီးဖြစ်သည်။

ချူရောင်၏အိမ်၌ စည်ကားသိုက်မြိုက်ကာ လူအတော် များများ ရှိနေသည်ကို တွေ့ရသဖြင့် နောက်ကြောင်းလှည့်၍ ပြန်လာခဲ့ခြင်းဖြစ်သည်။

ကျော်ဝသည် မင်းလမ်းမကြီးအတိုင်း ဦးတည်ရာမဲ့ လှမ်း လာခဲ့သည်။

သို့ဖြင့် တစ်နေရာသို့အရောက်တွင်

'ကျွန်မက ရှင်တို့ကိုကြောက်နေရမှာလား'

လမ်းကြားတစ်ခုအတွင်းမှ အော်ဟစ်သံတစ်ချက် ထွက် ပေါ်လာသည်ကို ကြားရသည်။

ကျော်ဝ ခြေလှမ်း တုန့်ခနဲရပ်သွား၏။

အသံထွက်ပေါ်လာရာသို့ ကြည့်လိုက်လျှင် မိန်းကလေး တစ်ဦးအား အနီရောင်ဝတ်ဆင်ထားသူ သုံးဦးက ဝိုင်းရံ ထားကြသည်ကို တွေ့ရလေသည်။

ကျော်ဝ ရင်ထိတ်သွားသည်။

ထိုအနီရောင် ဝတ်ထားသူသုံးဦးမှာ စားသောက်ဆိုင်၌ တွေ့ခဲ့ရသူများဖြစ်ပြီး အနီရောင်ရဲတိုက်မှဖြစ်ကြောင်း လူဝ ကြီး၏စကားအရ သိရှိထားသည်။

ထိုအပြင်

အနီရောင်ရဲတိုက်မှ လူသုံးဦး၏ ဝိုင်းရံထားခြင်းခံရသူမှာ ပြိုင်ပွဲတွင် အနိုင်ရခဲ့သည့် မေစုဆိုသောမိန်းကလေးဖြစ်မှန်း တွေ့ရသည်။

ကျော်ဝ တွေဝေသွားသည်။

ဝင်ရောက်ကူညီလျှင် ကောင်းမည်လော။ လက်ပိုက်ကြည့် နေရမည်လော ဝေခွဲမရဖြစ်သွားသည်။



ကျော်ဝ ငိုက်နေစဉ်မှာပင်

'လာခဲ့စမ်း'

အနီရောင်ဝတ်ထားသူသုံးဦးက မေစုအား ဝိုင်းဝန်း ဖမ်း ဆီးကြလေသည်။

မေစုက အဖမ်းမခံဘဲ

'လူယုတ်မာတွေ လွှတ်စမ်း'

ဟု အော်ဟစ်ကာ ပြန်လည်ခုခံလေသည်။

လမ်းကြားလေးအတွင်း၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာ၏။

အနီရောင်ဝတ်ထားသူသုံးဦးကလည်း မေစုအား အလွယ် တကူ ဖမ်းဆီး၍မရနိုင်ကြောင်း ရိပ်မိသွားကြပြီး ဝိုင်းရံ တိုက်ခိုက်လျှင် တိုက်ပွဲတစ်ခုပေါ်ပေါက်လာသည်။

သို့သော်

တိုက်ပွဲမှာ ကြာမြင့်လှသည်တော့မဟုတ်ချေ။

ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မကြာမီ—

'စုန်း

'အမယ်လေး'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာ၏။

မေစုမှာ အနီရောင်ဝတ်ထားသူ သုံးဦး၏လက်ချက်မိအော မြေပေါ်လဲကျသွားသည်ကို တွေ့မြင်ရလေသည်။

'ဟား....ဟား....ဟား'

အနီရောင်ဝတ်ထားသူသုံးဦး ရယ်မောလေသည်။

တစ်ယောက်က

'ကဲ—ဒီကောင်မလေးကို ခေါ်သွားကြရအောင်'

ဟု ပြောလျှင် ကျန်နှစ်ဦးက သဘောလူလှေသည်၊

သူတို့သည် သတိလစ်နေသောမေစုအား ထမ်းပိုးဆော ထွက်သွားကြရန် ဟန်ပြင်လိုက်၏၊



ကျော်ဝ မနေနိုင်တော့ပါချေ။

အနီရောင်ဝတ်ထားသူ သုံးဦး၏ မတရားသောလုပ်ရပ်ကို ဟန့်တားရန် ဆုံးဖြတ်လေသည်။

ထိုစဉ်မှာပင်

'လူယုတ်မာတွေ ရပ်လိုက်စမ်း'

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာပြီး လူရိပ်တစ်ခု ရောက်ရှိလာသည်ကို တွေ့မြင်ရသည်။

အနီရောင်ဝတ်ထားသူသုံးဦး မကျေမနပ်ဖြစ်သွားသည်။

'ဟေ့—ဘာလာရှုပ်တာလဲ

'သေသွားချင်သလား'

'အခုချက်ချင်းထွက်သွားစမ်း'

ဟု အော်လိုက်လေသည်။

ကျော်ဝသည် ရောက်လာသူကို သေသေချာချာ တွေ့ရသောအခါ—

'ဟင်..ကျော်ရင်ပါလား'

ဟု လွတ်ခနဲရေရွတ်မိသည်။

မှန်ပေသည်။

ကျော်ရင်ရောက်လာပြီး ဟန့်တားခြင်းဖြစ်သည်။

ကျော်ရင်က

'ရှင်တို့ဟာ အနီရောင်ရဲကိုက်က သူတွေမဟုတ်လား၊ ရှင်တို့ရဲလုပ်ရပ်တွေ တရားလွန်နေပြီ၊ ရပ်တန်းကရပ်ရင် ကောင်းလိမ့်မယ်'

အနီးရောင်ဝတ်ထားသူများ တစ်ဦးကိုတစ်ဦး ကြည့်မိကြလေသည်။

ပြီးလျှင်
'သူ့ကိုပါ ဖမ်းသွားကြတာပေါ့'
'ကောင်းတယ်'

ပြောပြောဆိုဆို မေစုက မြေပေါ်ချကာ ကျော်ရင်ထံသို့ ဝိုင်းလာကြသည်။



ကျော်ရင် မဲ့ပြုံးပြုံးလေသည်။

'ရှင်တို့ ဘယ်လောက်စွမ်းသလဲ ကြည့်သေးတာပေါ့ သုံးဦးစလုံးသာ တစ်ခါတည်းဝင်လာခဲ့ကြ'

ဟု စိန်ခေါ်လေသည်။

ကျောင်ဝ မနေနိုင်တော့ပါ။

လမ်းကြားအတွင်းသို့ ခုန်ဖွင်ကာ

'ရပ်လိုက်'

ဟု ဟန့်တားလေသည်။

ကျောင်ဝရောက်လာသဖြင့် အနီရောင်ဝတ်သုံးဦးရော ကျော်ရင်ပါ အံ့ဩသွားသည်။

ကျော်ရင်သည် ကျောင်ဝကို ချက်ချင်းမှတ်မိတားပြီး-

'ရှင်ကိုး'

ဟု ရေရွတ်မိသည်။

ကျင်ဝထ

'ညီမ နောက်ဆုတ်လိုက်ပါ၊ သူတို့ကို ကျုပ် ဆုံးမလိုက်ပါ့မယ်'

ဟု ပြောဆော အနီရောင်ဝတ်ထားသူသုံးဦးနှင့် ရင်ဆိုင်လိုက်လေသည်။

ထိုလူ ၃ ဦးကလည်း

'သေပေတော့'

ဟု ကြုံးဝါးကာ ကျင်ဝထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။

ကျင်ဝ အသက်ပြင်းပြင်း ရှူလိုက်သည်။

လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ မြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့ ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်

'ဝုန်း'
'အား'
'အမယ်လေး'



ကျယ်လောင်သောအသံများ ထွက်ပေါ်လာကာ အနီရောင်ဝတ်ထားသူ ၃ ဦး အဝေးသို့ လွင့်စဉ်သွားသည်။

၀ ✵ ၀

ကျိရင်က မေစုအား သတ်ရအောင် ပြုစုပေး၍ အိမ်ပြန်ခိုင်းလိုက်ပြီ ဖြစ်သည်။

အနီရောင်ဝတ်ထားသူ သုံးဦးကား သတိလစ် မေ့မြောကာ လဲကျနေ၏။

ကျိရင်သည် ကျင်ဝအား ချီးကျူးလိုက်၏။
'ရှင့်သိုင်းပညာက ဘယ်ဆိုးလို့လဲရှင့်'
သူ ပြုံးလိုက်၏။

'ဒီလောက်လဲ မဟုတ်သေးပါဘူးဗျာ၊ မတရားတာ မြင်လို့ လက်ပိုက်ကြည့်မနေနိုင်ဘဲ ဝင်ဆုံးမလိုက်တာပါ၊ သူတို့ကို ဘယ်လိုလုပ်မလဲ'

ဟု မေးလာသည်။

ကျီရင်က

'သူတို့က အရေးမကြီးဘူး၊ဘာလူးနှစ်ကောင်ဆိုတဲ့ ကြေးစားလူသတ်သမား နှစ်ယောက်က ပြိုင်ပွဲဝင်မယ့်သိုင်းသမားတွေကို လိုက်ဒုက္ခပေးနေတယ်၊ သူတို့ကို အမြန်ဆုံး ဆုံးမနိုင်မှဖြစ်မယ်'

ကျင်ဝက

'ဦးလေး ထန်ကျွမ်ရော'

'သူက ကျွန်မနဲ့ လမ်းခွဲပြီး ဘာလူးကြီးနောက်ကို လိုက်နေတယ်၊ ကျွန်မက မြို့စွန်မှာ ဘီလူးလေးကို သွားရှာမလို့'

သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး
'ကျုပ်လဲ လိုက်ခဲ့မယ်လေ'
ဟု ပြောသည်။

သူမ အနည်းငယ် စဉ်းစားပြီး
'ရှင့်သဘောပဲ'
ဟု ပြောလိုက်၏။

သူ ဝမ်းသာမိသည်။
'ကျေးဇူးပါပဲဗျာ'
သူမက



'ကျွန်မတို့သွားရအောင်'

'ကောင်းပြီ'

သူတို့နှစ်ဦးသည် လမ်းကြားလေးကို ဖြတ်ကာ မြို့စွန်သို့ ပြေးသွားကြလေသည်။

X X X

မြို့ထဲ၌ စည်ကားသိုက်မြိုက်နေသော်လည်း မြို့စွန်အရပ်၌မူ ခြောက်သွေ့၍ တိတ်ဆိတ်နေ၏။

အိမ်ခြေလည်း ကျဲပါးစွာရှိ၏။

ကျင်ဝနှင့် ကျီရင်တို့ မြို့စွန်သို့ ရောက်ရှိသွားသော အခါ ခြံဝင်းကြီးတစ်ခုအတွင်းမှ မီးလင်းနေသည့် အဆောက်အအုံတစ်ခုကို တွေ့မြင်ရ၏။

ကျီရင်က....

'ဘီလူးလေး အဲဒီအိမ်ထဲမှာ ရှိလိမ့်မယ်'

ဟု ပြောဒါ။
ကျင်ဝက
'ကျုပ်တို့ ဘယ်လိုလုပ်မလဲ'

ကျိုရင် ပြုံးလိုက်၏။

'ဘာလုပ်ရမလဲရှင့်၊ အိမ်ထဲဝင်ပြီး ဆုံးမ လိုက်တာပေါ့'

ဟု ပြော၍ ခြံဝင်းအတွင်းသို့ လှစ်ခနဲ ဝင်သွားသည်၊

ကျင်ဝ သက်ပြင်းချလိုက်၏။

သူမနောက်သို့ ပြေးလိုက်သွားရသည်။

တစ်ခဏအတွင်းမှာပင် နှစ်ဦးသား တိတ်ဆိတ် နေသည့် ခြံဝင်းအတွင်းသို့ ရောက်ရှိသွားကြ၏၊

ခြံဝင်းအတွင်း၌ သစ်ပင်ကြီးများ ဖုံးလွှမ်းနေ၏၊

မီးလင်းနေသော အဆောက်အအုံကြီး တစ်ခုကို သစ်ပင်တို့ကြား၌ တွေ့ရ၏။

ကျိုရင်က
'ဒီညနေပိုင်းလေးမှာပဲ ပြိုင်ပွဲဝင်မယ့် သိုင်းသမား လှယ်ငါးယောက် အသတ်ခံလိုက်ရတယ်၊ တခြားဆယ်ယောက်



ကျော်က နုတ်ထွက်သွားကြတယ်၊ ဒါဟာ ဘီလူးညီနောင်က ခြိမ်းခြောက် မောင်းထုတ်လိုက်တာပဲ၊ အသတ်ခံရသူတွေကလဲ သူတို့လက်ချက် မီသွားတာပဲ'

ဟု ပြောပြသည်။

ကျင်ဝက
'သူတို့က ဘာကြောင့် ဒီလို လုပ်တာလဲ'
ဟု မေးသည်၊

ကျိုရင်က

'တစ်ယောက်ယောက်က ငွေပေးပြီး ခိုင်းတာပေါ့'

ကျင်ဝက

'ဘယ်သူက ငွေပေးခိုင်းတာလဲ၊ ဘာကြောင့်လဲ'

ကျိုရင်က-

'ကျွန်မကတော့ အနီရောင် ရဲတိုက်သခင်လေး ဟွာကျန်ရဲ့ လက်ချက်ပဲလို့ ထင်တယ်၊ ဒါပေမယ့် သက်သေ အထောက် အထားမရှိဘဲ ပြောလို့ မဖြစ်သေးဘူး'

ကျင်ဝက

'ဒါဆိုရင် ကျုပ်တို့ အခြေအနေစောင့်ကြည့်ရင် ကောင်းမယ်'

သူမ မျက်မှောင်ကုတ်သွား၏၊
'ရှင်က ဘာတွေးမိလို့လဲ'
သူက

'ဟုကျင်က ဘိလူးညီနောင်ကို ငွေပေးပြီး ခိုင်းတာဆိုရင် သူတို့ အချင်းချင်း အဆက်အသွယ်ရှိမှာပဲ၊ ဘိလူးညီနောင် အ ဒီကနေ့ကစပြီဆိုတော့...'

သူမ ခေါင်းညိတ်၏။

'ရှင်ပြောတာ ကျွန်မ သဘောပေါက်ပြီ'

သူတို့သည် မလှမ်းမကမ်းမှ နေ၍ အကဲခတ် ကြည့်မိ၏၊

ထိုစဉ်...
'ခွပ်ခွပ်-ခွပ်ခွပ်'



မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားရသည်။

မြင်းလှည်း တစ်စီးသည် အရှိန်ပြင်းစွာဖြင့် ခြံဝင်းတွင်း ဝင်ရောက်လာ၏။

ထိုမြင်းလှည်းသည် အိမ်ရှေ့ အရောက်တွင် ရပ်တန့်၏၊

မြင်းလှည်း ကိုယ်ထည်ဖြင့် ကွယ်နေ၍ မြင်းလှည်းပေါ်မှ ဆင်းလာသူကို မတွေ့ရချေ။

သူတို့နှစ်ဦး တစ်ဦးကို တစ်ဦး ကြည့်မိကြသည်။

ကျိုရင်က အသံတိုးတိုးဖြင့်...

'ရှင်ပြောတာ မှန်နေပြီ၊ ဘိလူးလေးကို ဆက်သွယ်တဲ့လူတော့ ရောက်လာပြီ'

ဟု ပြော၏၊
သူက...

'ပိုပြီး သေချာအောင် ကျုပ်တို့ အခြေအနေ သွားကြည့်ရင် မကောင်းဘူးလား'

သူမ သဘောတူလေ၏။

'ကောင်းပြီလေ၊ သွားကြတာပေါ့'

သူတို့သည် အမှောင်ထုကို အကာအကွယ်ယူ၍ အဆောက်အအုံ အနီးသို့ ချဉ်းကပ်သွားကြ၏။

ပတ်ဝန်းကျင်၌ တိတ်ဆိတ်နေပြီး လူရိပ်လူရောင်မတွေ့ရ

အဆောက်အအုံ အနီး ရောက်တော့ အတွင်းမှ စကားသံများ ထွက်ပေါ်လာသည်ကို ကြားရသည်။

သူတို့သည် ပြတင်းပေါက် တစ်ခုသို့ ချဉ်းကပ် သွားပြီး အတွင်းဘက် ချောင်းကြည့်၏။

ထိုအခါ

အတွင်း၌ လူနှစ်ဦးရှိနေပြီး အချီအချ ပြောဆိုနေကြသည်ကို တွေ့၏။

တစယောက်မှာ စားသောက်ဆိုင်၌ တွေ့ခဲ့ရသည့် အနက်ရောင်ဝတ်သူ ဖြစ်ကြောင်း ကျင်ဝ မှတ်မိ၏။

'ဘီလူးလေးဆိုတာ သူကိုး'



ဟု စိတ်ထဲမှ ရေရွတ်မိသည်။

ကျန်တစ်ယောက်မှာ အနီရောင်ဝတ် လူရွယ်တစ်ဦးဖြစ်၏၊

ချမ်းသာကြွယ်ဝပြီး မာန်မာန ကြီးပုံ ရသည်။

ထိုလူသည် ဘီလူးလေးကို မကျေမနပ် ပြောဆိုနေခြင်း ဖြစ်ပေ၏။

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ကျုပ်က ပြိုင်ပွဲဝင်မယ့် လူတွေထဲက ကျုပ်နဲ့ ပြိုင်ဘက်ဖြစ်နိုင်တဲ့ လူတွေကိုဆုံးရှုံးရမယ်လို့ပဲ မှာတာ၊ ခုတော့ ပြိုင်ပွဲဝင်မယ့်လူမှန်သမျှ သုတ်သင်ပစ်နေပါလား၊ မြို့စားက ဒီကိစ္စကို လက်ပိုက် ကြည့်နေမှာ မဟုတ်ဘူးဗျ၊ အားလုံး ဒုက္ခ ရောက်ကုန်ကြလိမ့်မယ်'

ဘီလူးက ပခုံးတွန့်သည်။

'သခင်လေး ဘာမှမသိဘဲကိုး၊ သည်တစ်နှစ် ပြိုင်ပွဲဝင်တဲ့ လူငယ်တွေက ခေသာမဟုတ်ဘူး၊ အားလုံး လက်စွမ်းထက်ကြတယ်၊ သခင်လေးရဲ့ ပြိုင်ဘက်တွေချည်းပဲ၊ ဒါကြောင့် အားလုံး ကြောက်လန့်အောင် ကျုပ်တို့ လုပ်လိုက်တာ၊ သခင်လေးက ကျုပ်တို့ကိုတောင် ကျေးဇူး တင်ရဦးမယ်'

'ဘာဗျ'

'ခုဆိုရင် ပြိုင်ပွဲဝင်လူတွေ အထိတ်တလန့် ဖြစ်ကုန်ကြပြီ၊ အချို့ စာရင်းပေးပြီးမှ မပြိုင်ဘဲ ရှောင်တွက်သွားကြပြီဗျ'

အနီရောင်ဝတ်လူမှာ သခင်လေး ဟူကျန်ဖြစ်သည်။

ဟူကျင်က—

'ခင်ဗျားတို့ သည်လိုလုပ်လိုက်တာ ရှတ်ရှတ်သဲသဲ ဖြစ်နိုင်တယ်ဆိုတာ မသိဘူးလား'

ဘာ့လူးသ
'ဒါတော့ ဘယ်တတ်နိုင်ပါမလဲဗျာ'
ဟူကျင်က မကျေမနပ်ဖြစ်မိသည်။

'ဘာလဲ ပြဿနာ တစ်စုံတစ်ခုဖြစ်ရင် ကျုပ်ခိုင်းလို့ လုပ်တာပါလို့ ဝန်ခံမယ်ပေါ့ ဟုတ်လား'

သူက ရယ်လိုက်သည်။

ဟူကျင်က

'ရှောင်ချမ်းမြို့စားကို ပေါ့ပေါ့ တန်တန် သဘောထားလို့မရဘူးဗျ၊ သူ့မှာ သိုင်းလောက မိတ်ဆွေကောင်းတွေရှိ



တယ်။ ပြီးတော့ သည်မြို့မှာ သိုင်းဆရာကြီး ချူရောင်ရှိနေသေးတယ်ဆိုတာကို မမေ့ပါနဲ့'

သူက—

'ကျုပ် မမေ့ပါဘူး၊ သခင်လေးကသာ မေ့ထားတာ'

'ဘာဗျ'

'ကျုပ်တို့ကို အလုပ်အပ်ကတည်းက သခင်လေးကိုပြောခဲ့တာပဲ၊ မြို့ဘက်တွေကို ဒုက္ခပေးမယ့် အစား ရွှေမင်းသမီးကို ခိုးယူပါဆိုတာလေ၊ သည်ကိစ္စက ပိုတောင် လွယ်သေးတယ်၊ အားလုံး ပြိုင်ပွဲအတွက် အလုပ်ရှုပ်နေချိန်မှာမင်းသမီးကို အလွယ်တကူ ဖမ်းလို့ရနိုင်တာပေါ့ဗျာ'

ဟူကျင် ဦးခေါင်းတဆတ်ဆတ် ညိတ်၏။

'ဟုတ်သားပဲ၊ ကျုပ်က ခုမှ စဉ်းစားမိတယ်၊ကောင်းပြီလေ ကျုပ်အစီအစဉ်ကို ပြောင်းလိုက်မယ်၊ ဘာ ဆက်လုပ်ရမယ်ဆိုတာ ကျုပ်ပြောပြမယ်'

ဟု ပြော၍ လက်ယပ်ခေါ်သည်။

ဘာ့လူးလေးက အနီးသို့ချဉ်းကပ်လာ၏။

ဟူကျင်သည် သူ့အား တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ ရှတ်တရက် လက်ဝါးဖြင့် ရိုက်ချသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ဘိလူးမရှောင်နိုင်ပါ။

'ဝုန်း'

'အား'

စူးရှစွာ အော်သံနှင့်အတူ အဝေးသို့ လွင့်စင်သွားသည်။

'ဟား ဟား ဟား'

ဟူကျင်က ရယ်လိုက်သည်။

ဘိလူးလေးကကြမ်းပြင်မှလူးထိမ့်ထ၏။

ဟူကျင်အား မုန်းတီးစွာ ကြည့်ရင်း ....

'သ....သခင်လေးက ကျုပ်ကို အကောက်ကြံတာကိုး'

ဟု ပြော၏။

ဟူကျင်က....

'ခင်ဗျားကို ရှင်းပစ်လိုက်ရင် ကျုပ်အကြောင်းကိုဘယ်သူမှ မသိနိုင်တော့ဘူးလေ'



ဘိလူးလေးက

'ကျုပ်အစ်ကိုက လက်ပိုက်ကြည့်မှ မဟုတ်ဘူး

ဟူကျင်က

'သူ့ကို လူဝကြီးထန်ကျမ်က ဖမ်းမိသွားလို့ အဆိပ်ဆေးလုံးကို ကိုက်ဝါးပြီး ကိုယ့်ကိုယ်ကို အဆုံး စီရင်သွားတာကို ကျုပ်ကိုယ်တိုင် မြင်ခဲ့တယ်၊ ဒါကြောင့် သူက ခင်ဗျားဆီကို ရောက်မလာခင် ကျုပ်က လက်ဦးအောင် လာခဲ့တာပေါ့'

'ဘာ'

ဘိလူးကြီးသေဆုံးပြီးဟု သိလိုက်သောအခါ သူ့အထိတ်တလန့် ဖြစ်သွား၏။

ဟူကျင်က

'ခင်ဗျားတို့ နှစ်ယောက် မရှိတော့ဘူး ဆိုရင် ကျုပ်ရဲ့အကြောင်း ဘယ်သူက သိနိုင်မှာလဲ'

ဟု ပြောသည်။

ဘိလူးလေး မျက်နှာပျက်မိ၏။

သို့သော် အံတင်းတင်းကြိတ်ရင်း

'ကျုပ်ကို အကောက်ကြံလို့ ရမယ် မထင်နဲ့'

ဟု ကြုံးဝါး၍ တိုက်ခိုက်သည်။
ဟူကျင်က
'ခင်ဗျားဘာတတ်နိုင်မှာမို့လဲ'

ပြောရင်း လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်ရာ

'ဝုန်း'

'အား'

ဘီလူးလေး အဝေးသို့ လွင့်စင်သွားသည်။

ယခုတစ်ကြိမ်....

ဘီလူးလေး ပြန်ထမလာနိုင်တော့ပါ။

ဟူကျင်၏ လက်ချက်ဖြင့် အသက် ပျောက်သွားလေ၏၊

x x x

'ခွပ်ခွပ်—ခွပ်ခွပ်'

မြင်းခွာသံ မြင်းလှည်းဘီးလိမ့်သံတို့သည် တဖြည်းဖြည်း ဝေး၍ နောက်ဆုံး ပျောက်ကွယ်သွား၏။



ဟူကျင်သည် ဘီလူးလေးအားသုတ်သင်၍ ပြန်လည်ထွက်သွားပြီ ဖြစ်၏။

ကျင်စက မကျေမနပ် ဖြစ်မိ၏။
'သူထွက်သွားပြီ'
ဟု ရေရွတ်သည်။

ကျိုရင်က
'ဟုတ်တယ်'
'ကျုပ်က သူ့ကိုတားလို့ရတယ်'

ကျိုရင်က

'ရှင်မကျေမနပ်ဖြစ်နေတယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမယ့် သူ့ကို လွှတ်ပေးရမှာပဲ'

'ဘာဖြစ်လို့လဲ၊ သူနဲ့ ဘီလူးလေးတို့ အကြောင်းကို ကျုပ်တို့ သိနေတာပဲ'

'ကျွန်မတို့ သိတာဟုတ်တယ်၊ ဘယ်လို သက်သေ ပြမလဲ'

ကျင်ဝက
'ဘီလူးလေးရဲ့အလောင်းရှိတာပဲ'
သူမ ခေါင်းခါယမ်းသည်၊

'ဘိုလူးကြီး သေသွားပြီ ဆိုတာနဲ့ ဟူကျင်က ဘိုလူး လေးကို သုတ်သင်ပစ်လိုက်တာ အကြောင်းရှိလို့ပေါ့၊ သူ့ အကြောင်း မပေါ်ရအောင် ခြေရာဖျောက်လိုက်တာပဲ'

လူက...

'မျက်မြင်သက်သေဖြစ်တဲ့ ကျုပ်တို့ ရှိနေသေးတာပဲ'

သူမက...

'ရှင် ဘာမှ မသိသေးပါဘူး၊ မျက်မြင်သက်သေ ရှိပေမယ့် အမြစ်ဝန်ခံမယ့် ဘိုလူးညီနောင်မှ မရှိတော့တာ၊ ဟူကျင် မကောင်းမှုတွေ လုပ်နေတယ် ဆိုတာ သူ့အဖေက သိထား တယ်၊ ဒါပေမယ့် တစ်ဦးတည်းသောသား ဖြစ်တဲ့ အတွက် နည်းမျိုးစုံနဲ့ အကာအကွယ် ပေးထားတယ်၊ သူ့ရဲ့အဖေကို သိုင်းလောကသားတိုင်းက လေးစားကြတယ်၊ နေပြည်တော် အထိလဲ ပေါက်ရောက်တယ်၊ ကျွန်မတို့က သူ မတရားလုပ် တာကို မြင်ပါတယ်လို့ သွားပြောလဲ့ နောက်ဆုံးအသုံးမကျ အရာမထင် ဖြစ်သွားမှာဘဲ'

ကျင်ဝေ...



'ဒါဖြင့် မေနုကို ဖမ်းခေါ်သွားဖို့ ကြိုးစားခဲ့ကြတဲ့ သူ့ လူတွေကို ဖမ်းလိုက်ရှင်ရော'

ကျိုရင်က

'ဘာထူးမှာလဲ၊ သူတို့ဟာ အများရှေ့ရောက်ရင် သူတို့ သခင်လေးရဲ့ အပြစ်တွေကို ထုတ်ဖော်ဝန်ခံမယ်လို့ ရှင်ထင် နေလား၊ ဒါဆို အများကြီး မှားသိမ့်မယ်'

သူ ခံပြင်းသွားပြီး...

'ဒါဖြင့် သည်လူယုတ်မာကို သည်အတိုင်း လက်ပိုက်ကြည့် နေရမှာလား'

ဟု မေးလိုက်သည်။

ကျိုရင်က

'ဘယ်လို လုပ်မလဲဆိုတာ ကျွန်မ မပြောတတ်သေးဘူး၊ ဦးလေးထန်ကျွမ်းနဲ့ တိုင်ပင်ရဦးမယ်'

ကျင်ဝေက

'ဦးလေးထန်ကျွမ် ဘယ်မှာလဲ'

'မြို့ထဲက စားသောက်ဆိုင် တစ်ဆိုင်မှာ ကျွန်မကိုစောင့်နေလိမ့်မယ်'

ဟု ကျိုရင်က ပြောသည်။

z z z

ညဥ့်နက်ပြီဖြစ်၏။

စားသောက်ဆိုင်လေးမှာ တံခါးတစ်ခြမ်းပိတ်ထားလိုက်ပြီ ဖြစ်တော့၏။

ကျင်ဝနှင့် ကျိုရင်တို့က ထိုဆိုင်လေးအတွင်းသို့ လှမ်းဝင်လိုက်ကြသောအခါ စားပွဲတစ်လုံး၌ထိုင်ကာ စောင့်နေတဲ့ထန်ကျွမ်ကို တွေ့လိုက်ရ၏။

ထန်ကျွမ်သည် ကျိုရင်ကိုတွေ့လျှင်....

'ကျုပ် တစ်ချက်လေးသတိလစ်သွားတာနဲ့ သူက ပါးစပ်ထဲမှာ အသင့်ငုံထားတဲ့ အဆိပ်ဆေးလုံးကို ကိုက်ဖောက်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားတော့တာပဲ'



ဟု ပြောပြလေသည်။

ကျိုရင်က

'ဘီလူးလေးလဲ ဟိုကျင်ဖန်ရဲ့အကောက်ကြံတာကို ခံလိုက်ရပြီ ဦးလေးထန်'

ထန်ကျွမ် သက်ပြင်းချလိုက်သည်။

'ဒါတွေအားလုံးဟာ ဟူကျင်ရဲ့လက်ချက်တွေပဲ သူ့ကိုဆုံးမနိုင်မှဖြစ်မယ်'

ထိုသို့ပြောရင်း ကျင်ဝအား သတိပြုမိသွားကာ....

'မင်းတို့နှစ်ယောက် ပြန်တွေ့လာကြတာကိုး'

ဟု ပြောလေသည်။

ကျင်ဝက ဦးညွှတ်လိုက်၏။

ကျီရင်က အကျိုးအကြောင်းရှင်းပြလိုက်သည်။

ထန်ကျုမ်က ကျင်ဝအား စိုက်ကြည့်လိုက်ပြီး....

'မင်းကလဲ ဟူကျင်ကို ဆုံးမချင်နေတာကိုး'

ကျင်ဝက

'ဟုတ်ပါတယ်ခင်ဗျာ'

'အေး ...သူ့ကို ဆုံးမချင်သူတွေ အများကြီးရှိနေပေမယ့် သူ့ဖခင်ရဲ့မျက်နှာကြောင့် အခက်တွေ့နေကြရတယ်ကွ'

ကျင်ဝက

'သူက ရှောင်ချမ်းသိုင်းပြိုင်ပွဲမှာ ပါဝင် ယှဉ်ပြိုင်မယ် မဟုတ်လားဗျာ'

'ဟုတ်တယ်လေ၊ ပထမဆုရအောင် နည်းမျိုးစုံအသုံးပြုမှာ သေချာတာပေါ့'



ကျင်ဝ ပြုံးလိုက်၏။

'ဒါဆို အားမှမပူကြပါနဲ့တော့ သူ့ကိုဆုံးမနိုင်မယ့်နည်းလမ်းကို ကျွန်တော် တွေ့ထားပါပြီ'

ကျီရင်နှင့် ထန်ကျုမ်တို့ စိတ်ဝင်စားသွားကြ၏။ ထန်ကျုမ်က

'ဘယ်လိုနည်းလမ်းမျိုးလဲ ပြောပါဦး

ဟု မေးလိုက်၏။

ကျင်ဝက

'သိုင်းပြိုင်ပွဲမှာ ကျွန်တော် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဟူကျင်ကို ဆုံးမလိုက်ပါ့မယ်'

ဟု တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

Z Z Z

## ကိုယ့်အတက် ကိုယ်စူး

---

ရှောင်ချင်းသိုင်းပြိုင်ပွဲ....

သိုင်းပြိုင်ပွဲ ကျင်းပခဲ့သည်မှာ ခုနစ်ရက်မြောက်ပြီဖြစ်၏၊ နောက်ဆုံးနေ့လည်း ဖြစ်သည်။

ကြိုတင် စာရင်းပေးသွင်းထားသူများသည် အသီးသီး ယှဉ်ပြိုင်လာခဲ့ပြီး ဆဋ္ဌမနေ့တွန် ဆန်ဇာတင် အရွေးခံထား ရသူများအချင်းချင်း ပြိုင်ရသည်၊

ဆဋ္ဌမနေ့ပြိုင်ပွဲအပြီးတွင် သခင်မလေးဟူကျင်ထာ အနိုင်ရ ဗိုလ်စွဲသွားလေသည်။

သို့ဖြင့်



ခုနစ်ရက်မြောက် နောက်ဆုံးနေ့ပြိုင်ပွဲတွင် ဆုဆွတ်ခူးရရှိသူများသည် အလှတ်တခေါ်ချိုးဖြင့် စိန်ခေါ်လာသူများနှင့် သရုပ်ပြပြိုင်ရသည်။

နေမွန်းတည့်ချိန်မတိုင်မီ ဒုတိယနှင့် တတိယရသူများသည် စိန်ခေါ်သူများနှင့် သရုပ်ပြ ယှဉ်ပြိုင်ပြီးသွားလေသည်။

ထိုနောက် ပြိုင်ပွဲကိုခေတ္တချပ်နားကာ ပြိုင်ပွဲပြန်စသော အခါ ပထမရထားသည့် ဟူကျင်နှင့် စိန်ခေါ်သူများသည် သရုပ်ပြ ပြိုင်ရမည်ဖြစ်၏။

သို့သော်

ဟူကျင်ကို စိန်ခေါ်မည့်သူတစ်ယောက်မှ ပေါ်ပေါက်မလာခဲ့ချေ။

X X X

စင်မြင့်ပေါ်တွင် ဟူကျင်အာ ဝင့်ကြွားစွာရပ်နေ၏။

များပြားလှသော ပရိသတ်ကြီးကိုကြည့်လိုက်ပြီး....

'ကျုပ်က သရှုပ်ပြ ပြိုင်ချင်တဲ့လူကိုဖိတ်ခေါ်ပါတယ်ဗျာ'

ဟု ကျယ်လောင်သောအသံဖြင့် ပြောလိုက်၏။

ထိုစဉ်

'ကျုပ်ယှဉ်မယ်'

လူတစ်ယောက်က စင်မြင့်ပေါ်သို့ ခုန်တက်လာ၏။

ထိုလူမှာ ကျင်ဝဖြစ်ပါသည်။

ကျုံရင်နှင့် ထန်ကျင်တို့က ကျင်ဝ၏အဲကြံကို သဘော မကျပါချေ။

ဟူကျင်နှင့် ပြိုင်ခြင်းမပြုရန် တားမြစ်လေ၏။

သို့သော် ကျင်ဝကလက်မခံဘဲ ဇွတ်အတင်း ပြိုင်ခဲ့ခြင်း ဖြစ်သည်။



ဟူကျင်သည် ကျင်ဝခုန်တက်လာပုံကိုကြည့်ရင်း ရင်ထိတ် သွားသည်။

သူ၏အရှိန်အဝါကြောင့် မည်သူမှ မပြိုင်ရဲကြဘဲ ယခု ကျင်ဝက ပြိုင်ရန် ခုန်တက်လာသောကြောင့် မကျေမနပ် ညည်း ဖြစ်သွားသည်။

ကျင်ဝအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး—

'မင်းက ငါနဲ့ ပြိုင်မယ်ဟုတ်လား'

ဟု မေးလိုက်သည်။

ကျင်ဝက

'ကျုပ်က စင်မြင့်ပေါ်တောင်ရောက်လာပြီပဲဗျာ'

ဟူကျင်က

'ငါဘယ်သူလဲဆိုတာရော မင်းသိရဲ့လား'

ကျင်ဝက ရယ်မောလိုက်၏။

'မင်းဟာ လူယုတ်မာတစ်ဦးဆိုတာ ကျုပ် ကောင်း ကောင်းကြီး သိတာပေါ့....

'ဘာကွ'

ဟူကျင် ဒေါပွသွားလေ၏၊

'မင်းသေချင်နေပြီကိုး၊ ကောင်းပြီ မင်းတို့ ဆုံးမရသေး တာပေါ့'

ဟု ပြော၍ စတင်တိုက်ခိုက်ရန်ဟန်ပြင်လိုက်လေ၏။

ကျင်ဝက..

'နေဦး'

ဟု ဟန့်တားလိုက်၏။

ဟူကျင်က



'မင်းက ဘာပြောချင်လို့လဲ....

ကျင်ဝက—

'ကျုပ်တို့နှစ်ယောက် ရှုံးတဲ့လူက ဒူးထောက်ပြီး ဦးသုံး ကြိမ်ချရှစ်ခိုးစထမ်းဆိုပြီး ယှဉ်ပြိုင်ကြရင်မကောင်းဘူးလား'

ထိုစကားကြားလျှင်....

'ဟား ဟား ဟား....

ဟူကျင်က ဟားတိုက်ရယ်မောလိုက်လေ၏။

'ကျုပ်က ရှုံးတဲ့လူဖသက်ပေးကြေးလို့တောင် ယှဉ်လိုက် ရင်သေးတယ်..

ကျင်ဝက..

'စိတ်ချ၊ ကျုပ်က ခင်ဗျားကိုရှုံးသွားရင် ဟောဒီ လူမုံ အလယ်မှာ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်မယ်—

ဟူကျောင်က

'မင်းကတော့်တော်သတ္တိကောင်းနေပါလား၊ ကောင်းပြီ ကျုပ်တလဲ မင်းကိုရှုံးရင်လူမလုပ်တော့ဘူး....

ဟု ပြော၍ စတင်တိုက်ခိုက်လိုက်လေ၏။

ကျောင်ဝကလည်း ပြန်လည်တိုက်ခိုက်လိုက်လေ၏။

Z Z Z

ဟူကျောင်သည် ထိတ်ထိတ်ကျဲ လူငယ်သိုင်းသမားတစ်ဦးဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေလေ၏။

သူ၏တိုက်ကွက်တို့သည် ဆန်းပြား၏။ လျှို့ဝှက်နက်နဲ၏ ရှုပ်ထွေးပြီး ပြင်းထန်၏။

ကျောင်ဝကို သုတ်သင်ရှင်းလင်းပစ်လိုသည့် သဘောဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်းဖြစ်၏။



သို့သော်

သိုင်းကွက် ငါးဆယ်ကျော် တိုက်ခိုက်ပြီးသည့်တိုင် သူ
မျှော်လင့်သလို အနိုင်မရနိုင်သည့်အပြင် ကျောင်ဝ၏ အကျိုးကို
ပင် ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိသောအခါ ထိတ်လန့်
သွားလေ၏။

ထိုအချိန်မှာပင်....

'ယား'

ကျောင်ဝက မာန်သွင်း၍တိုက်ခိုက်လာ၏။

ဟူကျောင်က ကာပျာကယာခုခံလိုက်၏။

သို့တိုင်

ကျောင်ဝ၏ ပြင်းထန်သော လက်သီးတစ်လုံးက သူ၏ မေးရိုးကို တည့်တည့်မတ်မတ် ထိုးချမိလိုက်၏။

'ခွပ်'

'အား'

ဟူကျင်သည် ပြင်းပြင်းထန်ထန်ဖြင့် မြေပေါ်သို့ ဝုန်းခနဲ ပြုတ်ကျသွားလေ၏။

x x x

ဆူဆူညံညံ အသံများ ထွက်ပေါ်နေ၏။

ဟူကျင်သည် မရှုမလှ ရှုံးသွားပြီဖြစ်၏။
ကျင်ဝက မလှုပ်မယှက်ရပ်နေ၏။
ဟူကျင်အား စိုက်ကြည့်ပြီး

'မင်းရှုံးသွားပြီ'
ဟု ပြောသည်။



ဟူကျင်မှာ ဆောက်တည်ရာမရ ဖြစ်သွား၏။

ပထမရပြီးမှ လူပုံအလယ်တွင် အရှုံးကြီးရှုံးလိုက်ရ၍—

'ယား'

ဩသံပေး၍ ခုန်ထလာပြီး ကျင်ဝကို ထပ်ခံတိုက်ခိုက်၏။

ယခုတစ်ကြိမ်....

သူ၏လက်ထဲ၌ ဓားကိုင်ထားသော ဓားမြှောင် နှစ်လက်ကို ထုတ်ကိုင်ထားပြီဖြစ်သည်။

ဟူကျင်၏ ရှုံးနိမ့်ပြီးလျှက် အကောက်ကြံသော တိုက်ခိုက်လာသည်ကို အားလုံး မြင်ကြရသည်။

သူ၏ မကောင်းသော စိတ်ထားနှင့် ကောက်ကျစ်မှုမှာ အတင်းသား ပေါ်လွင်နေ၏။

ကျင်ဝက သဝိကြီးစွာ ထား၍ ပြန်လည် တိုက်ခိုက်၏။

မကြာပါချေ။
'ဝုန်း'

ကျင်ဝ၏ ခြေထောက် ကန်ချက်မိ၍ ဟူကျောင်မှာ စင်မြင့်ပေါ်မှ ပြုတ်ကျသွားတော့၏။

မြေပေါ်သို့ ဖွဲ့အိတ်ကြီး တစ်အိတ် ပမာ ထိုးကျသွားပြီး ပြန်မထလာနိုင်တော့ပါ။

ကျင်ဝအား လုစ်ကြံရန် ကိုင်ဆောင်ထားသောဓားမြှောင် တစ်လက်မှာ သူ၏ရင်ဝ၌ ပြန်လည်ထိုးစိုက်မိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ဟူကျင်မှာ မကောင်းသော စိတ်ထားကြောင့်ပင် အမိုက် စေတ်သိမ်းသွားရလေသည်။

Z Z Z



ကျင်ဝသည် စင်မြင့်အောက်ဘက်သို့ ခုန်ဆင်းလိုက်သည်။

ဟူကျင်အား တစ်ချက် ကြည့်လိုက်ပြီး သူ့တာဝန် ကျေပြီဖြစ်ကြောင်း နားလည်မိ၏။

ဟူကျင်၏ အဖြစ်ကြောင့် အခြေအနေ ရှုတ်ရှုတ်သဲသဲ ဖြစ်နေပါသည်။

ကျိုးရင်နှင့် ထန်ကျုမ်တို့ကား ဝမ်းသာနေကြ၏။

လူအုပ်ကြားမှ တိုးဝှေ့၍ ကျင်ဝထံသို့ လာကြသည်။

ကျင်ဝကလည်း သူတို့ထံသို့ လှမ်းသွားရန် သို့နှ်ပြင်သည်။

ထိုစဉ်....

မလှမ်းမကမ်း တစ်နေရာမှ လူတစ်ယောက်က သူ့အား လက်ယပ်ခေါ်နေသည်ကို တွေ့လိုက်ရသဖြင့် ခြေလှမ်းတုန့်ခနဲ ရပ်တန့်သွား၏။

'ဆရာ'
ကျင်ဝ လှတ်ခဲ့ ခေါ်သည်။
မှန်ပေသည်။ ထိုလူမှာ ဒါပေဖြစ်၏။

ကျင်ဝသည် ရှည်ဝေးစွာ တွေးမနေတော့ဘဲ ဆရာဖြစ်သူထံ လှမ်းသွားလိုက်သည်

ဝါဒပေက....

'ငါ့နောက်လိုက်ခဲ့'

ဟု ပြော၍ ပြေးသွားလျှင် ကျင်ဝလည်း လိုက်ပါသွားရလေတော့သည်။

၁ ၈ ၁

ကျောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

ကြယ်ဏလေးတို့လည်း မလင်းတစ်လှည့် လင်းတစ်လှည့် ဝင်းလက်တောက်ပနေသည်။



ညဥ့်နက်ပြီဖြစ်ရာ မြို့ပြင်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျင်ဝသည် မြို့ပြင်သို့ရောက်လာပြီဖြစ်၏။

ဝါဒပေက သစ်ပင်တစ်ပင်အောက်၌ ခြေလှမ်းရပ်လိုက်၏။

ကျင်ဝကလည်း မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်သည်။

ဆရာဖြစ်သူကိုဦးညွှတ်လိုက်သည်။

ဝါဒပေသည် ကျင်ဝကိုခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး....

'မင်း သိပ်တော်နေပါလား'

ဟု ပြော၏။

'ဆရာ'

ကျောင်ဝက ချက်ချင်း မြေပေါ် ဒူးထောက်ချလိုက်သည်။

ခေါင်းငုံ့ကာ—

'ကျွန်တော့်ကိုခွင့်လွှတ်ပါဆရာ—

ရှု တောင်းပန်လိုက်သည်။

ဝါပေဏ မဲ့ပြုံးပြုံးလိုက်သည်။

'ငါ့က မင်းကိုခိုင်းတာတစ်မျိုး၊ မင်းလုပ်နေတာက တစ်မျိုးပါလား—

'ကျွန်….ကျွန်တော်….

'မင်းက ချူရှောင်ကို ဝင်တွေ့ဖို့ ခက်တယ်လို့ ပြောမလို့မဟုတ်လား'

ကျောင်ဝက



'ဟုတ်ပါတယ်ဆရာ၊ ချူရှောင်ရဲ့ အိမ်ထဲကို ဝင်ဖို့ မလွယ်သေးလို့ပါ….

ဝါပေဏ

'ဝင်ဖို့ မလွယ်ဘူးထင်ရင်လဲ တစ်နေရာရာမှာ ခိုအောင်းနေသင့်တာပေါ့၊ ခုတော့ သိုင်းပြိုင်ပွဲကိုဝင်ပြိုင်တယ်၊ မင်းကို လူသိအောင် လုပ်လိုက်တာပေါ့ ဟုတ်လား'

'ကျွန်….ကျွန်တော်'

'တိတ်စမ်း'

ဝါပေဏ ဟောက်လိုက်သည်၊

ကျောင်ဝ ထိတ်လန့်လာ၏။

ဝါပေ အကြီးအကျယ် စိတ်ဆိုးနေသည်မဟုတ်ပါလား။

ဝါပေဏ မြေပေါ်ခြေတစ်ချက်ဆောင့်လိုက်ပြီး—

'ကျောင်ဝ၊ ရှောင်ချမ်းမှာ ပြိုင်ပွဲလုပ်နေတော့ ချူရှောင်ကို

ရှင်းဖို့မလွယ်တော့ဘူး၊ ဒါကြောင့် မင်းက ကျော့ရှိမ်ဆီကို သွားရမယ်'

ဟု ပြောခဲ့၏။

ကျော့ရှိမ်သည် သိုင်းဆရာကြီး စန်ကျန်၏ အကြီးဆုံးတပည့် ဖြစ်၏။

တပည့် ခုနစ်ယောက်တွင် သိုင်းပညာအတော်ဆုံးလည်း ဖြစ်၏။

ဝါပေကိုယ်တိုင်ပင် ကျော့ရှိမ်အား ကြောက်သည့်သဘော ရှိသည်။

ဝါပေက....

'ရှမ်အင်တို့ ငါ့ချင်းပစ်လိုက်ပြီးပြီ၊ သူ့ဆီက သိုင်းကျမ်းကိုလဲ ငါရပြီးပြီ၊ ချူရှောင်နဲ့ ကျော့ရှိမ်ပဲ ကျန်တော့တယ်၊ ကျော့ ရှိမ်ကို သွားပြီးလုပ်ကြံတာ အကောင်းဆုံးပဲ'



ကျင်ဝက....

'ကောင်းပါပြီဆရာ'

ဟု ပြောလိုက်သည်။

ဝါပေက မဲ့ပြုံးပြုံးလိုက်၏။

'ကျော့ရှိမ်ကို တခြားလူတွေလို မင်းက အလွယ်တကူဝင်နိုင် မယ်ထင်လို့လား -

ဟု မေးလာသည်။

'ဗျာ'

မမျှော်လင့်သော စကားကြောင့် ကျင်ဝ ကြောင်အမ်း အမ်း ဖြစ်သွားသည်။
ဝါပေက

'ကျော့ရှိမ်က သားသမီးတွေတပည့်တွေနဲ့စုစုရုံးရုံးနေတာ၊ ဥတစ်လုံးဘာစ်ကောင်ကြွက်မဟုတ်ဘူး၊သူ့ဆီကို မင်း အလွယ် တကူ ဝင်လို့ရမှာမဟုတ်ဘူး'

ကျောင်ဝကပင့်သက်ရှိုက်လိုက်မိသည်။

ဝါပေကာ....

'ဘာပဲဖြစ်ဖြစ် ကျော်ရွှမ်ရဲ့သိုင်းကျမ်းကို ခုအောင် ယူရမှာပဲ၊ မင်း ကြိုးစားရလိမ့်မယ်'

ကျောင်ဝကာ ခေါင်းညိတ်လိုက်၏။

'စိတ်ချပါဆရာ၊ ကျွန်တော် ကြိုးစားပါမယ်'

ဝါပေကာ....

'မင်း တကယ်ပြောတာလား'

'ကျွန်တော်တကယ်ပြောတာပါ'

'ဟား ဟား ဟား'

ဝါပေကာ ဟားတိုက်ရယ်မောလိုက်၏။

ကျောင်ဝကာ....



'ဆရာ၊ ကျွန်တော်တကယ်ပြောတာပါ'

ဟု ထပ်ပြောလိုက်၏။

ဝါပေကာ ခေါင်းညိတ်လိုက်၏။

'မင်း တကယ်ပြောတယ်ဆိုတာ ငါသိတယ်၊ ဒါပေမယ့် ကျော်ရွှမ် အကြောင်းကို မင်း မသိသေးဘူးဆိုတာလဲ ငါသိတယ်'

ကျောင်ဝ မျက်မှောင်ကုပ်သွား၏။

ဝါပေကာ....

'ကျော်ရွှမ်ကိုချဉ်းကပ်ဖို့ မင်းက ကျော်ရင်ကိုအသုံးချရမယ်'

'ဗျာ'

ကျောင်ဝက နားမလည်နိုင်အောင်ဖြစ်သွား၏။

'ကျော်ရင်၊ ကျော်ရင်ဟာ'

'မင်းနဲ့ သိုင်းပြိုင်ပွဲမှာ ရင်းရင်းနှီးနှီး ရှိနေခဲ့တဲ့ မိန်းကလေးပေါ့-

'ဟင်'

ကျင်ဝသည် ဝါပေကို အထိတ်တလန့်ကြည့်လိုက်၏။

ဝါပေက....

'မင်းတို့နှစ်ယောက်က ဘီလူးညီနေခင်နေခက်ကိုတောင် လိုက်ကြသေးတယ်မဟုတ်လား'

'ဆ_ဆရာ၊ သည်ကိစ္စတွေကို'

ဝါပေက လက်ကာပြလိုက်ပြီး_

'ငါက မင်းနေခက်ကို အရိပ်လို တကောက်ကောက်လိုက်နေတယ်ဆိုတာမှတ်ထားပါ'

ဟု ပြောလေ၏။



ကျင်ဝက....

'ကျွန်ုပ်ရင်ကာနဲ့ဆရာကြီးကျွန်ုပ်ရှမ်နဲ့ ဘယ်လိုများပတ်သက်နေလို့လဲ ဆရာ....

ဟု မေးလိုက်မိလေ၏။

ဝါပေက ရယ်မောလိုက်ပြီး....

'ကျွန်ုပ်ရင်ကာ ကျွန်ုပ်ရှမ်ရဲ့ အချစ်ဆုံးသမီးလေးပေါ့'

'ဗျာ'

ကျင်ဝ ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။

ဝါပေက

'မင်းက ကျွန်ုပ်ရင်နဲ့ ခင်မင်ရင်းနှီးနေပြီမဟုတ်လား'

'ဆရာ၊ သူက....

'ဘာလဲ၊ သူ့အတွက် မင်းက စိုးရိမ်ပူပန်နေတာလား....

'ဟို..ဟို....

ဝါပေက လက်ကာပြလိုက်၏။

'ငါ့ရဲ့လုပ်ငန်း အောင်မြင်ဖို့က အရေးကြီးဆုံးပဲဆိုတာ မင်း မှတ်ထားပါ....

ကျင်ဝက ခေါင်းငုံ့ထားလိုက်၏။

ဝါပေက....

'ကျင်ဝ၊ ငါ့ကိစ္စအောင်မြင်သွားရင် လူငယ် လူရွယ်တိုင်း လိုချင်မက်မောကြတဲ့ ချောင်ချမ်မြို့စားရဲ့ သမီးတော်လေးကို မင်းအတွက်ရအောင် ငါစီစဉ်ပေးမယ်၊ မင်းကျေနပ်ရဲ့လား'

ရှု မေးလာလေ၏။



ကျင်ဝက....

'ဆရာ၊ ရွှေမင်းသမီးလေးကို ကျွန်တော် မလိုချင်ပါဘူး'

ဝါပေက မဲ့ပြုံးပြုံးလိုက်၏။

'ဒါဖြင့် မင်း ဘာလိုချင်သလဲပြော၊ မင်းရဲ့ဆန္ဒ ရှိသမျှ ပြည့်ဝအောင်မြင်စေရမယ်၊ ငါတာဝန်ယူတယ်—

ကျင်ဝက

'ကျွန်တော်က—

'ကဲ....စကားရှည်မနေနဲ့တော့၊ မင်းအာ ငါခိုင်းသလို လုပ်ရမယ်'

'ဆရာ'

'မင်းက ကျူရင်ကို စည်းရုံးသိမ်းသွင်းပြီး ငါ့ဆီကို ခေါ်လာရမယ်'

ကျင်ဝ မျက်နှာပျက်သွားလေ၏။

'ဆရာ၊ ကျွန်တော် ဒီလိုမလုပ်ပါရစေနဲ့ခင်ဗျာ....

'ဘာ'

ဝါပေ မျက်လုံးပြူးသွားလေသည်။

ကျင်ဝကို စိုက်ကြည့်၍....

'ဘာပြောတယ်၊ ငါခိုင်းသလို မလုပ်နိုင်ဘူး ဟုတ်လား၊'

'ဆရာ၊ ဒီတစ်ခါတော့ ကျွန်တော့်ကို ခွင့်လွှတ်စေချင်ပါတယ်၊ ကျွန်တော်မလုပ်ပါရစေနဲ့....

'ကျင်ဝ၊ မင်း...မင်း...

ဝါပေက ရုတ်တရက် ရှေ့တိုးလာကာ ကျင်ဝ၏ ပါးကို ရိုက်ချလိုက်လေသည်။



'ဖြန်း....

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ဝါပေ၏ လက်ချက်ကြောင့် ကျင်ဝ၏ ပါးပြင်မှာ ချက်ချင်း နီရဲ၍ ယောင်ကိုင်းသွားလေသည်။

ဝါပေက....

'စကားမရှည်နဲ့၊ ငါခိုင်းသလိုလုပ်ရမယ်၊ မနက်မိုးလင်းတာနဲ့ ကျိုးရင်ကို ငါ့ဆီရောက်အောင်ခေါ်လာရမယ်၊ ကဲ.. သွားပေတော့...

ဟု ပြောလိုက်လေသည်။

ကျင်ဝ ဘာမှမတတ်နိုင်တော့ပါချေ။

ဝါပေအား ဦးညွှတ်ဂါရဝပြုပြီး ထွက်လာခဲ့လေသည်။

ကျင်ဝ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ ဝါပေက သက်ပြင်းချလိုက်ပြီး....

'သူဟာ ငါခိုင်းတာကို တစ်ချိန်လုံးမညည်းမညူလုပ်ပေး ခဲ့တယ်၊ ခုတော့ ဘာကြောင့် ငြင်းဆန်ရတာလဲ....

ဟု ရေရွတ်လိုက်လေသည်။

မကြာပါချေ။

ကျင်ဝသည် ကျိရင်အပေါ်တွင် သံယောဇဉ် ငြိတွယ်နေ ခြင်းကြောင့် ကျိရင် ဒုက္ခဖြစ်မည်ကို မလိုလားဘဲ သူမ စေ ခိုင်းသမျှ ငြင်းဆန်ခြင်းဖြစ်ကြောင်း သဘောပေါက်လိုက် လေ၏။

ဝါပေက မဲ့ပြုံးပြုံးလိုက်လေသည်။

'ကျိ ရှမ်ကို ငါအမြဲမယုံနိုင်ပေမယ့် ရှမ်အင်ကို ဆုံးမနိုင်ခဲ့ တယ်၊ ချူရောင်ကိုလဲ ငါ ဆုံးမလို့ရတာပဲ—

ဟု ရေရွတ်လိုက်လေသည်။



ထို့နောက်..

မကောင်းဆိုးဝါး တစ်ကောင်သဖွယ် အမှောင်ရိပ်ထဲ ဖိတ်တာဆိတ် တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

X X X

## မကောင်းတဲ့အကြံ

'တုံ..တုံ'

အုန်းမောင်းခေါက်သံတို့ ထွက်ပေါ်လာသည်။

ညဥ့်နှစ်ချက်တီးပြီဖြစ်လေသည်။

ညဥ့်နက်ပြီဖြစ်၍ တစ်မြို့လုံး အိပ်မောကျနေပြီဖြစ်သည်

သိုင်းဆရာကြီး ချူရောင်၏အိမ်တွင်လည်း တံခါးပိတ် မီးပိတ်ထားပြီး ဖြစ်လေသည်။



သို့သော်

အိမ်အနောက်ဘက်ရှိ တစ်ခုသော အခန်းအတွင်း၌ မီးရောင်များ ထွက်ပေါ်နေသေးသည်။

မီးရောင်ရှိသဖြင့် ချူရောင်အိပ်စက်ခြင်းမရှိသေးကြောင်း ထင်ရှားနေလေသည်။

မှန်ပေ၏။

ချူရောင် အိပ်မပျော်နိုင်သေးဘဲ စားပွဲတစ်လုံး၌ ထိုင်၍ စရွှေးကြမ်းသောက်နေလေသည်။

သူ၏မျက်လုံးတို့ ရီဝေနေလေသည်။

သူက သိုင်းပြိုင်ပွဲအကြောင်း စဉ်းစားနေခြင်းဖြစ် သည်။

သိုင်းပြိုင်ပွဲတွင် အနီရောင်ရဲကိုက် သခင်ထေးကို လူငယ်တစ်ယောက်အား အနိုင်ယူသွားခဲ့လေသည်။

ချူရောင်အား သွေးဆံပြင်းချလိုက်လေသည်။

'သည်လူငယ်ဟာ ဘယ်သူများပါလိမ့်—

ဟု ရေရွတ်လိုက်၏။ ထိုလူငယ်ကို တွေ့ဖူးသည်ဟု သူ ယုံကြည်ထား၏။

မည်သည့်နေရာ၌ တွေ့ခဲ့ဖူးသည်ကို စဉ်းစား၍မရဘဲ ဖြစ်နေ၏။

ထိုအချိန်မှာပင်—

'ဒေါက်....ဒေါက်—'

တံခါးခေါက်သံတို့ကွက်ပေါ်လာသည်ကို ကြားရသည်။

ချူရောင်က ထိုင်ရာမှမထဘဲ တံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်၏။

'ဝင်ခဲ့'

ဟု ပြောလိုက်လေသည်။



သူ၏စကားအဆုံးတွင်....

'ကျွိ—'

တံခါးပွင့်သွားပြီး လူတစ်ယောက် လှမ်းဝင်လာလေ၏။ ထိုလူမှာ အိမ်ဖော်တစ်ယောက်ဖြစ်ပါသည်။

ချူရောင်က မျက်မှောင်ကုပ်သွားပြီး....

'ဘာကိစ္စလဲ..'

ဟု မေးလိုက်လေသည်။ အိမ်ဖော်က....

'သခင်ကြီးခင်ဗျာ၊ အိမ်အနောက်ဘက် မြ်ဗင်းထဲမှာ မသက်ာစရာကောင်းတဲ့လူရိပ်တစ်ခုကို တွေ့လိုက်ရလို့ပါ'

'ဘာ'

ညကြီးအချိန်မတော် မသင်္ကာစရာကောင်းသည့် လူရိပ်တစ်ခုအား တွေ့ရသည်ဆိုခြင်းကြောင့် ချူရောင် အံ့ဩသွားသည်။

'ညကြီးအချိန်မတော် ဘယ်လိုဖြစ်တာလဲ'

အိမ်ဖော်က

'ကျွန်တော်ကမီးဖိုချောင်ဘက်ကိုထွက်ရင် ထင်းသိုလှောင်ခန်းနားမှာ လူရိပ်တစ်ခုတွေ့လို့ လိုက်ရှာပါတယ်၊ ဒါပေမယ့် နောက်ထပ်မတွေ့ရတော့ဘဲ ပျောက်သွားပါတယ်'

ချူရောင်က

'မင်းက အမြင်မှားတာရော မဖြစ်နိုင်ဘူးလား'

အိမ်ဖော်သည် အိပ်မှုန်စုံမွှားဖြင့် မြင်ချင်ရာကို မြင်တွေ့မိခြင်းလေလာဟု ထင်၍ဖြစ်သည်။

အိမ်ဖော်က

'ကျွန်တော် အမြင်မမှားပါဘူး၊ အကြားလဲအမှားဘူး ထင်ပါတယ်ခင်ဗျာ'

ချူရောင်က

'မင်းက ဘာတွေကြားမိလို့လဲ'



ဟု မေးလိုက်သည်။

အိမ်ဖော်က

'လူတစ်ယောက်ရဲ့ငိုရှိုက်သံကို ကြားရပါတယ် ခင်ဗျာ'

'ငိုရှိုက်သံ'

'ဟုတ်ပါတယ်'

'ထူးလှချည်လား ကျုပ်ရဲ့ခြံဝင်းထဲမှာ ဒီလို တစ်ခါမှ မဖြစ်ဖူးပါဘူး'

အိမ်ဖော်က

'ဟုတ်ပါတယ် သခင်ကြီး၊ ထူးခြားနေတာကြောင့် ကျွန်တော် ချက်ချင်း လာပြီးအကြောင်းကြားတာပါ'

ချူရောင်က

'ကဲ....တို့သွားကြည့်ရအောင်'

'ဟုတ်ကဲ့'

အိမ်ဖော်က လမ်းပြခေါ်ဆောင်သွား၏။

ချူရောင်လည်း လိုက်သွား၏။

၀ ✻ ၀

လပန်းထိန်ထိန်သာနေ၏။

လရောင်ကြောင့် ခြံ၀င်းထဲ၌ လင်းလင်းချင်းချင်း ဖြစ်နေ၏။

ချူရောင်နှင့်အိမ်ဖော်တို့သည် ခြံ၀င်းထဲသို့ ရောက်လာပြီ ဖြစ်သည်။

ထင်းသိုလှောင်ရုံသည် အိမ်နောက်ဘက် ခြံ၀င်းထဲ၌ သီးသန့်ဆောက်လုပ်ထားပြီး အိမ်လေးတစ်လုံးကဲ့သို့ ရှိ၏။

ချူရောင်၏အိမ်တွင် သိုင်းလောကသည်များ ရောက်ရှိနေကြ၏။

အနီရောင်ရဲတိုက်သခင်၏ အဖြစ်ကြောင့် ရှောင်ချမ်းတစ်မြို့လုံး လှုပ်ရှားသွားပြီး သိုင်းမြိုင်ပွဲကို ထိခိုက်စေခဲ့လေ၏၊



ချူရောင်သည် ထိုကိစ္စကြောင့် စိတ်ရှုပ်နေရသလို သူ၏အိမ်၌ ဖြစ်ပေါ်လာသောကိစ္စကြောင့် ရောက်ရှိတည်းခိုနေကြသော မိတ်ဆွေများ စိတ်အနှောင့်အယှက်မဖြစ်စေလိုချေ။

ထို့ကြောင့်

မည်သူ့ကိုမှ အသိမပေးဘဲ အိမ်ဖော်ကိုခေါ်ကာ တိတ်တဆိတ် ထွက်လာခဲ့ခြင်းဖြစ်သည်။

အိမ်အနောက်ဘက်သို့ ရောက်လာလျှင်....

'ဟိုနေရာမှာ လူရိပ်ကိုတွေ့ခဲ့တာပါ သခင်ကြီး'

အိမ်ဖော်က ၀င်နေမှုဆီသို့ညွှန်ပြကာ ပြောပြလေသည်။

ချူရောင်က

'ကောင်းပြီ၊ ကျုပ်လိုက်ပြီး စစ်ဆေးကြည့်မယ်၊ မင်းနေရစ်ခဲ့တော့'

ဟု အိမ်ဖော်ကိုထားခဲ့ကာ ထင်းသိုလှောင်ရုံအနီးသို့ လာခဲ့လေသည်။

ထင်းသိုလှောင်ရုံအနီး၌သစ်ပင်ကြီးများရှိနေပြီးအမှောင်ရိပ် လွှမ်းနေပါသည်။

ချူရောင်က သတိကြီးစွာထား၍ ချဉ်းကပ်လိုက်စဉ်....

'ချွတ်'

ထင်းသိုလှောင်ရုံနံဘေးမှ အသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ချူရောင် ခြေလှမ်းရပ်သွားပြီး....

'ဘယ်သူလဲ'

ဟု မေးလိုက်၏။

သို့သော်

တုန့်ပြန်စကားသံ ထွက်ပေါ်လာခြင်းမရှိချေ။

ချူရောင်က သိုလှောင်ရုံဘေး အမှောင်ရိပ်ထဲသို့ လှမ်းစင်လိုက်သည်။

ရုတ်တရက်

အဟင့်..အဟင့်'

ငိုရှိုက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်၏။



ချူရောင် ခြေလှမ်းတုန့်ခနဲရပ်သွားသည်။

'ဘယ်သူလဲ'

ဟု ထပ်မေးလိုက်၏။

ထိုစဉ်

'ကျွန်မပါရှင်

အမှောင်ရိပ်ထဲမှ လူရိပ်တစ်ခုထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ချူရောင် အံ့ဩသွားသည်။

'မင်း....မင်း....ဘယ်သူလဲ'

လူရိပ်က

'ကျွန်မကိုတောင် မမှတ်မိတော့ဘူးလားဟင်'

'ဟင်....မင်း'

'ကျွန်မက ဝါပေလေ'

'မင်း....မင်း'

'ကျွန်မ သေသွားပြီဆိုပေမယ့် ရှင်တို့ရဲ့သိုင်းကျမ်းတွေကို မက်မောတဲ့စိတ်ကြောင့် မကျွတ်မလွတ်နိုင်အောင် ဖြစ်နေရပါတယ်ရှင်'

ချူရောင်က

'လက်စသပ်တော့ မင်းက ဝါပေကိုး'

'ဟုတ်ပါတယ်ရှင်'

'မင်းက မကောင်းဆိုးရွားတစ်ကောင် ဖြစ်နေပြီ ဟုတ်လား'

'ဟုတ်ပါတယ်ရှင်'

'အခု ကျုပ်ဆီကိုလာတာက'

'ရှင့်ရဲ့ လက်ဝါးသိုင်းကျမ်းကို လိုချင်လို့ပါ'

ချူရောင်က ဟားတိုက်ရယ်မောလိုက်သည်။



'ဟား....ဟား....ဟား'

သူ၏ရယ်မောသံကျယ်လောင်စွာထွက်ပေါ်လာ၏။

'လက်စသပ်တော့ ကျုပ်ဆီက သိုင်းကျမ်း လိုချင်လို့ကိုး'

'ဟုတ်ပါတယ်ရှင်'

'ကောင်းပြီ၊ ကျုပ်ဆီက လိုချင်ရင်လာယူပါ'

'စိတ်ချ'

လူရိပ်သည် ရှတ်တရက်ရွေ့တိုးလာသည်။

ချူရောင်က လက်ဝါးနှစ်ဖက်တွင် အကွင်းအားစုစည်းလိုက်၏။

ဆံးကြိုတိုက်ခိုက်ရန် အသင့်ပြင် ထားလိုက်လေသည်။

လူရိပ်သည်ရွေ့တိုးရန်တန်ပြင်ပြီးမှ ရှတ်တရက် အမှောင်ရိပ်ထဲဝင်ရောက်ပျောက်ကွယ်သွားလေသည်။

Z Z X

ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်သွားသည်။

ချူရှောင် မလှုပ်မယှက်ရပ်နေသည်။

ဝါပေ၏ အရိပ်သည်ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ချူရှောင်အတန်ကြာ ငြိမ်နေပြီးမှ....

ဝါပေ တကယ်ပဲမကျတ်မလွတ်တာလား'

ဟု ရေရွတ်လေသည်။

မထောင်းဆိုးဝါး တစ်ကောင်၏ ခြောက်လှန့်ခြင်းခံရသည်ဟု ထင်လေသည်။

သို့သော်—

တစ္ဆေသရဲဆိုသည်ကိုလည်း လက်မခံနိုင်အောင်ဖြစ်နေ၏။

ချူရှောင်သည် အတန်ကြာတွေဝေနေပြီးမှ လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

လေအေးတစ်ချက်ဝေ့ယမ်းတိုက်ခတ်လာပြီး သစ်ရွက်တို့ ကြွေကျလာသည်။



သစ်ရွက်ကလေးများသည် လိပ်ပြာကလေးများ အလ သူ၏ ကိုယ်ပေါ် သို့ကျလာ၏။

သူက သစ်ရွက်ကလေးတစ်ရွက်ကိုဖမ်းယူလိုက်၏။

ထိုသစ်ရွက်ကလေးကို ဖမ်းဆုပ်မိလိုက်သောအခါ လက်ထဲ၌ စစ်ခနဲ နာကျင်သွားသည်။

'ဟင်'

ချူရှောင်သည် လက်ကိုဖြန့်ကာကြည့်လိုက်၏။

ထိုအခါ—

သစ်ရွက်ခြောက်ကလေး ကြေမွနေပြီး အပ်ကလေးတစ်ချောင်းပါဝင်နေသည်ကို တွေ့ရ၏။

အပ်ကလေးမှာ သူ၏ လက်ဖဝါးပြင်၌ စိုက်ဝင်နေသည်။

ချူရှောင်က အပ်ကလေးကို ချက်ခြင်းဆွဲနှုတ်ပစ်လေ၏။

အပ်စိုက်နေသည့်နေရာမှ သွေးများထွက်လာသောအခါ နီရဲမနေဘဲ ညိုမည်းနေသည်ကိုတွေ့ရသည်။

သူ မျက်နှာပျက်သွားသည်။

'ဒါက မုရှုံလွှေရဲ့ လက်နက်ပုန်းပဲ'

ဟု ရေရွတ်လိုက်သည်။

ထိုစဉ်...

'ဟုတ်ပါတယ်ရှင်'

စကားသံထွက်ပေါ်လာခြင်းကြောင့် သူလှည့်ကြည့်သည့်အခါ ဝါပေရောက်လာသည်ကိုတွေ့ရလေသည်။

ဝါပေက

'ဒါကတော့ ရှမ်အင်ရဲ့ကြိုးလက်နက်ပါရှင်'

စကားဆုံးလျှင် လက်တစ်ဖက်ဝှေ့ယမ်းလေသည်။

'ဝှီး'

ရောင်စုံဖဲကြိုးတစ်ခု ပစ်လွှင့်လာပြီး သူ၏ ခန္ဓာကိုယ်ပေါ် ရစ်ပတ်သွားလေသည်၊

'ဟေ့....ဒါဘာလုပ်တာလဲ'

သူက အော်ပြောလိုက်သည်။



သူမက...

'ဒါကတော့ လင်တိရဲ့ဖျပ်စောင်း'

သူမ၏လက်ထဲ၌ ဖျပ်စောင်းတစ်လက် ရောက်လာပြီး… စောင်းကြိုးကို ဖိချလိုက်သည့်အခါ...

'တောက်'

စောင်းကြိုးပြတ်သွားကာ မြားတစ်စင်းပမာ သူ၏ရင်… သို့တိုးဝင်လာလေသည်။

သူ ကပျာကယာရှောင်တိမ်းရ၏ ကြိုးစားသော်လည်း ရောင်… စုံကြိုးဖြင့်တုတ်နှောင်ခံနေရသည်ဖြစ်ရာ မရှောင်နိုင်တော့ဘဲ… မာကြောလှသော စောင်းကြိုးမျှင်သည် သူ၏ ရင်ဝ စိုက်… သွားလေသည်။

ဝါပေက

'ဒါကတော့ စန်တူရဲ့အတွင်းအား ပညာပါရှင်'

ဟု ပြောကာ လျှပ်တစ်ပြက်ခုန်ဝင်လာပြီး လက်ဝါးဖြင့်… ရိုက်ချလိုက်သည်။

'ဝုန်း'

'အား'

ကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာ၏။ ချူရှောင် မြေပေါ်သို့ လဲကျသွားသည်။

Z Z Z

နံနက် မိုးစင်စင်လင်းပြီဖြစ်သည်။

ရှောင်ချမ်းမြို့တွင် ထူးခြားသောသတင်းတစ်ခု ထွက်ပေါ်လာသည်။

သိုင်းဆရာကြီးချူရှောင် လုပ်ကြံခံလိုက်ရသည့် သတင်းဖြစ်သည်။

သိုင်းပြိုင်ပွဲတွင် သခင်လေးဟွာကျင် သေဆုံးသွားခဲ့သည်။

တစ်ဖန်



ထိပ်သီးသိုင်းဆရာကြီး ချူရှောင် လုပ်ကြံခံလိုက်ရသည့် အခြေအနေမှာ လွန်စွာပင် ရှုပ်ထွေးနေသည်။

x x x

မြို့ပြင်သုသာန်၊

မြို့ပြင်သုသာန်တွင် တိတ်ဆိတ်ငြိမ်သက်နေ၏၊

ဝါပေသည် သုသာန်မြေအတွင်းရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် ရပ်နေ၏၊

သူမ၏မျက်လုံးများသည် သုသာန်မြေအဝင်လမ်းသို့ မျှော်ကြည့်နေ၏။

ကျင်ဝအား ကျွဲရင်ကို ဖမ်းဆီးခေါ်ဆောင်လာဖို့ သူမ အမိန့်ပေးထားသည် မဟုတ်ပါလား။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်၊

နေအတော်မြင့်လာသောအခါ သူမ မရှိမရှဖြစ်လာ၏။

'တောက်...ကျင်ဝ ဘာ့ကြောင့်မလာသေးတာလဲ'

ဟု မကျေမနပ်ရေရွတ်လိုက်သည်။

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင် သူသခင်မြေ
သို့ လူတစ်ယောက်လှမ်းလာသည်ကို မြင်လိုက်ရသည်။

ထိုလူကိုမြင်လျှင် သူမ ဝမ်းသာသွားသည်။

ထိုလူမှာ သူမ မျှော်လင့်နေသည့် လူတစ်ဦးဖြစ်နေသည်
မဟုတ်ပါလား။

သူက သူမအနီးသို့ရောက်လာပြီးဦးညွှတ်ဂါရဝပြုလိုက်၏၊

သူမက

'ကျင်ဝ ဟိုကောင်မလေးရော'

ဟု မေးလိုက်၏။

ထိုလူက

'သူ့ကို ဖမ်းထားပြီးပါပြီ ဆရာ'



'ဒါဖြင့် ဘာကြောင့် တစ်ခါတည်း ခေါ်မလာခဲ့ရသေး
တာလဲ'

'ဆရာ့ကို အရင်လာရှာတာပါ၊ သူ့ကိုဝှက်ထားခဲ့ပါ
တယ်'

'ကောင်းပြီ၊ သူ့ကို ဘယ်မှာဝှက်ထားခဲ့သလဲ ပြောစမ်း'

သူက

'သူသခင်အဝင်လှမ်းက ဇရပ်ဘေးမှာ ချုံပုတ်ကြီး ရှိပါ
တယ်၊ အဲဒီချုံပုတ်ထဲမှာ ဝှက်ထားခဲ့တယ်'

သူမ ကျေနပ်သွားသည်။

'ကောင်းတယ်၊ ခုဆိုရင် သိုင်းကျမ်းခြောက်ခု ငါ့ရဲ့လက်
ထဲ ရောက်လာပြီ ကျိုရှမ်ဆီကရရင် အားလုံးပြည့်စုံသွားပြီ
ပေါ့၊ ကျိုရှမ်ကို ငါကဖမ်းပြီး ခါးစခ်လုပ်ထားလိုက်ရင်
ကျိုရှမ် မနေနိုင်တော့ဘဲ သူ့ရဲ့သိုင်းကျမ်းကို ထုတ်ပေးရ
မှာပဲ'

ဟု ပြောလေလည်း။

သူက

'သူက မပေးဘူးဆိုရင်ရော ဆရာ'

'မပေးရင် ဟုတ်လား၊ ကျွိရင်ကို ရှင်းပစ်လိုက်မှာပေါ့'

ထိုစကားကြားလျှင် သူ မျက်နှာပျက်သွား၏။

သူ့မှက

'ကျင်ဝ'

သူ ဦးညွတ်လိုက်၏။
'ဟုတ်ကဲ့ အမိန့်ရှိပါဆရာ'
သူမက

'မင်းက ငါ့အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့်အတွက် ငါချီးကျူးပါတယ်၊ ကျွိရှမ်ကိုရှင်းပြီးရင် ကျွိရင်ကို မင်းရဲ့လက်ထဲ ထည့်ပေးလိုက်မယ်'

ဟု ပြောလေသည်။

ကျင်ဝ ခေါင်းခါလိုက်၏။

'ကျွန်တော်က သူ့ကို ဒုက္ခမပေးချင်ပါဘူးခင်ဗျာ'



'ဟင်း..ဟင်း...ဟင်း'

ဝါပေ ရယ်မောလိုက်၏။

'ကျင်ဝ မင်းရဲ့စိတ်ထဲမှာ ဘယ်လိုရှိနေတယ်ဆိုတာကို ငါ မသိဘူးမျှားထင်နေသလား'

ကျင်ဝ ခေါင်းငုံ့ထားလိုက်၏။

ဝါပေ ဆက်ပြောလိုက်၏။

'မင်းဟာ ကျွိရင်ဒုက္ခရောက်မှာကို မလိုလားဘူး၊ ဒါကြောင့် ငါခိုင်းတဲ့အလုပ်ကို ဖြစ်မြောက်အောင်မြင်အောင် လုပ်မှာ မဟုတ်ဘူးဆိုတာ ငါသိပြီးပါပြီ'

'ဆရာ'

ကျင်ဝ အထိတ်တလန့်ခေါ်လိုက်သည်၊

ဝါပေက

'ငါ့ဘာသာ ကျွိရင်ကိုသွားပြီး ဖမ်းဆီးလို့ရတယ်ဆိုတာကို မင်း နားလည်ထားရမယ်'

'ဆရာ ဒီလိုမလုပ်ပါနဲ့'

ကျင့်ဝ တပျာကယာ တောင်းပန်လိုက်၏။

ဝါပေက

'မင်းက ငါ့ရဲ့စကားကို နားမထောင်ဘဲ အာခံလိမ့်မယ်လို့ ဆိုတာ ငါသိထားပြီးပြီ၊ ငါ့ရည်ရွယ်ချက်ပြည့်ဝဖို့လဲ သိုင်းကျမ်းတစ်ခုပဲရှိတော့တယ်၊ ကျင်ဝ မင်းကိုငါက အသုံးချစရာ မလိုတော့ပါဘူး'

'ဆရာ'

'မင်းကို ငါ လမ်းဘေးက ခေါ်ယူမွေးစားခဲ့တာ တစ်နေ့ကျရင် ငါ့ရဲ့အကျိုးအတွက် မင်းကိုအသုံးချနိုင်ဖို့ပဲ ဖြစ်တယ်ဆိုတာ မှတ်ထားပါ'

ကျင်ဝ ဝမ်းနည်းသွား၏။

'ဆရာရယ်'

ဟု ညည်းတွားလိုက်သည်။

ဝါပေက



'ကျင်ဝ ခုချိန်မှာ မင်းဟာ ငါ့အတွက် အသုံးမဝင်တော့တဲ့အပြင် အနှောင့်အယှက်တစခုတောင် ဖြစ်နေပြီ၊ ဒီတော့ မင်းကို ငါရှင်းပစ်ရလိမ့်မယ်'

'ဗျာ'

'ကဲ....သေဖို့သာ ပြင်ထားပေတော့'

ကျင်ဝသည် ဝါပေအား ကြေကွဲစွာ ကြည့်လိုက်သည်။

နောက်ဆုံးတစ်နေ့တွင် ထိုသို့ဖြစ်လာလိမ့်မည်ဟု သူအသဘောပေါက်နေပြီဖြစ်သည်။

သူမျှော်လင့်သည့်အတိုင်းလည်း ဖြစ်လာပြီမဟုတ်ပါလား၊ ဝါပေသည် လျှပ်တစ်ပြက်ချဉ်းကပ်လာပြီး ကျင်ဝအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ကျင်ဝ မလှုပ်မယှက် ရပ်နေလိုက်သည်။

ထိုစဉ်

'ရပ်လိုက်'

ကျယ်လောင်အော်ဟောက်သံ ထွက်ပေါ်လာသည်။

လူရိပ်နှစ်ခုသည် လျင်မြန်စွာရောက်လာပြီး ဝါပေအား ဖိုက်ခိုက်ကြတော့သည်။

x x x

သူသာန်မြေအတွင်း၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာသည်။

ဝါဲပေအား လူနှစ်ယောက်က ဓဲယာတစ်ဖက်တစ်ချက်မှ ညှပ်ကာ တိုက်ခိုက်နေသည်။

ထိုလူနှစ်ယောက်မှာ ကျိုရင်နှင့် လူဝကြီးထန်ကျမ်းတို့ဖြစ်ကြသည်။

သူတို့သည် ချူရှောင်အသတ်ခံရသည့် ကိစ္စကြောင့်လည်းကောင်း၊ ဟူကျင် သေဆုံးသွားသည့်ကိစ္စကြောင့် လည်းကောင်း၊ ကျင်ဝအား လိုက်လံရှာဖွေနေခြင်းဖြစ်လေသည်။

သူတို့နှစ်ယောက်အချိန်မီရောက်ရှိလာခြင်းကြောင့် ကျင်ဝ ဈာံကောင်းသွားသည်။

သို့တိုင်

'ဟား....ဟား....ဟား....ဟား'

ဝါဲပေ ဟားတိုက်ရယ်မောလိုက်သည်။

'ကျိုရင် ငါက ညည်းကိုတွေ့ချင်တာနဲ့အတော်ပဲ၊ ကဲ...ငါ့လက်က ဘယ်ပြေးမလဲ'

ဟု ပြောကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။



တန်ကျမ်က

'ကျုပ်လဲ ရှိပါသေးတယ်'

ဟု ပြောကာ တိုက်ခိုက်လိုက်၏။

သို့သော်

သွားစမ်း'

သူမ တရကြမ်းတိုက်ခိုက်လိုက်လျှင်....

'စုန်း'

ထန်ကျမ်မှာ အဝေးသို့ လွင့်စဉ်သွားသည်။

သူသည် ကျိုရင်အတွက် စိုးရိမ်သွားပြီး....

'ညီမ နောက်ဆုတ်လိုက်'

ဟု ပြောလိုက်သည်။
တစ်ဆက်တည်းပင်....
'ဆရာ မလုပ်ပါနဲ့'

ဟု အော်ပြောကာ ရှေ့သို့ခုန်ဝင်ပြီး သူမအားဟန့်တားလိုက်သည်။

သူမသည် ကျော်ရင်အား ဖမ်းမိကာနီးမှာ သူက ကြားဝင်လာသဖြင့် ဒေါသချောင်းချောင်းထွက်သွားပြီး....

'သေပေတော့'

ဟု ဟောက်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

သူက သူမ၏လက်ဝါးရိုက်ချက်ကို မရှောင်ဘဲ လက်ဝါးနှစ်ဖက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

သူမ၏လက်ဝါးသည် သူ၏ရင်ဝသို့ ရိုက်ချမိလိုက်သည်။

'ဝုန်း'

'အား'

သူ၏ အော်သံကား အဝေးသို့လွင့်စဉ်သွားသည်။

ထို့အတူ

သူ၏ အကြောက်အကန် ခုခံလိုက်သော လက်ဝါးရိုက်ချက်သည်လည်း သူမအားရိုက်ချမိလေသည်။

'ဝုန်း'
သူမသည်လည်း အဝေးသို့ လွင့်စဉ်သွားသည်။

o ※ o



ထန်းကျွမ်က မြေပေါ် လူးလိမ့်ထသိုက်သည်။

သူမ၏လက်ချက်ကြောင့် အတွင်းဒဏ်ရာ ရသွားပြီဖြစ်၏။

နှုတ်ခမ်းထောင့်မှ သွေးများ စီးကျနေသလို ခန္ဓာကိုယ်နွယ်းဖယိုင် ဖြစ်နေပါ၏။

ကျော်ရင်လည်း မသက်သာလှပါချေ။

အခြေအနေ အဆိုးဝါးဆုံးမှာ ကျင်ဝဖြစ်သည်။

ကျင်ဝသည် မြေပေါ်မှ လူးလိမ့်ထလာပြီး....

'ဝေါ'
ပါးစပ်ထဲမှ သွေးများအန်ထုတ်သည်။
'ဝေါ'

မြေပေါ် ပြန်လဲကျသွားသည်။
'အစ်ကို'
ကျော်ရင်က မြေး၍ ဖေးမ၏။

ဝါပေက
'ဟား ဟား ဟား'
ကျယ်လောင်စွာ ရယ်၏။
မည်သို့ဆိုစေ—

သူမသည်လည်း ကျင်ဝ၏ လက်ချက်ကြောင့် ဒဏ်ရာရနေပြီဖြစ်ကြောင်း ထင်ရှား၏။

ဝါပေက
'ကျင်ဝ မင်းက ငါ့ကိုအာခံတယ်ပေါ့'
ဟုပြောလိုက်၏။

ကျင်ဝက

'ဆရာ့ရဲ့ လုပ်ရပ်တွေဟာ အများကြီး မှားနေပြီ ဆိုတာ ကျွန်တော် သိထားပြီးပါပြီ၊ ဒါကြောင့် ဆရာ့ကိုဟန့်တားဖို့ ကြိုးစားမိတာ ကျွန်တော့်ကို ခွင့်လွှတ်ပါ'

ဟု တောင်းပန်မိ၏။
ဝါပေက
'ငါ့ကိုဘယ်သူကတားနိုင်မှာလဲ'

ဟု ကြုံးဝါးလိုက်၏။
ထို့နောက် ရှေ့တိုးလာ၏။
ကျင်ဝက

'ညီမ မြန်မြန်ပြေး'
ဟု ကျိုရင်အား ပြော၏။
ထန်ကျွမ်က



'ရပ်လိုက်'
ဟု အော်ငေါက်၍ ဝါပေကို တား၏။
ဝါပေက

'ဘေးဖယ်လိုက်စမ်း'
ဟု ကြုံးဝါး၍တိုက်ခိုက်လျှင်
'ဝုန်း'

ထန်ကျွမ်မှာ အဝေးသို့ လွင့်စင်သွားပြန်လေသည်။

'ဟား ဟား ဟား'
သူမက ရယ်မောလိုက်သည်၊
ကျိုရင်က

'ရှင့်ရဲ့ မကောင်းတဲ့ လုပ်ရပ်တွေကို ရပ်တန်းက ရပ်လိုက်ရင် ကောင်းမယ်'

ဟု ပြောလိုက်၏။
ဝါပေက
'ညည်းရော ဘာတတ်နိုင်မှာမို့လဲ'

ပြောရင်း လက်ဝါးဖြင့် ရိုက်ချရန်ဟန်ပြင်၏။

ထိုစဉ်...
'ရပ်လိုက်စမ်း'

အောင်ပေါက်သံနှင့် အတူ လူရိပ်တစ်ခု ရောက်ရှိလာပြီး ဝါပေအား ဟန့်တားလိုက်လေသည်။

x x x

အဖြူရောင် ဝတ်ဆင်ထားသော အဘိုးအို တစ်ယောက် ရောက်ရှိလာ၏။

ထိုအဘိုးအိုကို မြင်လျှင်
'ဖေဖေ'
ကျော်ရင်က ဝမ်းသာအားရခေါ်၏။

ကျော်ရင်၏ ဖခင် ကျော်ရှိန် ရောက်ရှိလာပြီဖြစ်သည်။

ကျော်ရှိန်က
'သမီး နောက်ဆုတ်လိုက်'
ဝါပေနှင့် ရင်ဆိုင်၏။

ဝါပေ မျက်နှာပျက်သွားသည်။
'အစ်ကိုကြီး'
ဟု ခေါ်လိုက်သည်။

ကျော်ရှိန်က သက်ပြင်းချလိုက်၏။



'နောက်ဆုံးတော့ ကျုပ်ထင်တဲ့အတိုင်း ဖြစ်လာတာပါ
လေ၊ ကျော်ဝ ရောက်လာပြီး မင်းသေသွားပြီလို့ ပြောတာကို
အားလုံး ယုံကြည်ခဲ့ကြတယ်၊ ဒါပေမယ့် ကျုပ်မယုံခဲ့ဘူး'

ဝါပေက
'အစ်ကိုကြီးမယုံဘူး ဟုတ်လား'
ကျော်ရှိန် ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ မင်းဟာ ခေါင်းမာတယ်၊ ကျန်တဲ့ပညာသင်ဘက်တွေရဲ့ သိုင်းပညာရပ်ကို ရအောင် တစ်နည်းမဟုတ်တစ်နည်းနဲ့ ကြိုးစားလိမ့်မယ်ဆိုတာ ကျုပ် ယုံကြည်ထားတယ်၊ မင်းဟာ သေသွားပြီလို့ အကွင်းဆင်ပြီး တစ်စုံတစ်ခုကြံစည်လိမ့်မယ်လို့ ထင်မှတ်ထားခဲ့တယ်၊ ဒါပေမယ့် သည်လောက် ရက်စက်စွာ လုပ်မယ်မထင်ဘူး၊ ကျော်ဝကို အသုံးချပြီးအချိန်တိုအတွင်း လုပ်နိုင်မယ်လို့လဲ မထင်မိဘူး'

ဝါပေ မဲ့ပြုံး ပြုံးလိုက်သည်။
'ခုတော့ အစ်ကိုကြီးပဲကျန်တော့တယ်'
ကျော်ရှိန်က

'ကျုပ်က မင်းကို ဆုံးမပေးပါ့မယ်'

ဝါပေက
'ကျွန်မက ကျန်တဲ့လူတွေရဲ့ သိုင်းပညာတွေကို လေ့ကျင့်ပြီးပြီ၊ အစ်ကိုကြီးကို ကြောက်နေမယ် ထင်သလား'

ဟု အော်ဟစ်ကာ ခုန်ဝင် တိုက်ခိုက်လိုက်သည်။

ထိုစဉ်မှာပင် ဝင်းလက် တောက်ပသော အလင်းရောင် တစ်ချက် ထွက်ပေါ်လာပြီး ဓားတစ်လက် ပစ်လွှင့်လာကာ ဝါပေ၏ ရင်ဝ၌ စိုက်သွားလေသည်။

အကယ်၍ ကျင်ဝ၏ လက်ချက်ကြောင့် ဒဏ်ရာမရခဲ့ပါလျှင် သူမသည် ကျိုရှမ်ပစ်လိုက်သော ဓားကို ရှောင်နိုင်လိမ့်မည် ဖြစ်သည်။

ယခုတော့ ဒဏ်ရာရထားသည် ဖြစ်ရာ သူမ၏ လှုပ်ရှားမှုမှာ နှေးကွေး သွားပြီး ကျိုရှမ်၏ ဓားကို လွတ်အောင် မရှောင်နိုင်ဘဲ ဖြစ်သွားသည်။

'အောင်မယ်လေး'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

ဝါပေသည် မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

x x x



ဝါပေ သေဆုံးသွားပြီ ဖြစ်သည်။

ကျိုရှမ်၊ ကျိုရင်နှင့် ထန်ကျွမ်တို့က ကျင်ဝအား လှမ်းကြည့်လိုက်ကြ၏။

ကျင်ဝသည် သစ်ပင်တစ်ပင်ကို ကျောမှီကာ ထိုင်နေ၏။

သူ၏ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျနေသည်။

မျက်လုံးတို့မှာ ရီဝေနေ၏။
သူ၏ အခြေအနေ မဟန်မှန်း အားလုံး ရိပ်မိလိုက်ကြ၏။

သူက မြေပြင်ပေါ်တွင် လဲကျနေသော ဝါပေကို ငေး၍ ကြည့်နေ၏။

သူ့အား ဝါပေက ကောက်ကျစ် မေးစားခဲ့ခြင်းကြောင့် သူ အသက်ရှင်သန်ခဲ့ရခြင်း ဖြစ်ပါသည်။

ယခု
ဝါပေ သေဆုံးသွားခဲ့ချေပြီ။
သူရော မည်သို့ရှိမည်နည်း။

နန္ဒကျော်သူ

ကျင်ဝသည်...

ဝါပေ၏ လက်ချက်ကြောင့် ပြင်းထန်သော ဝေဒနာကို ခံစားရင်း တဖြည်းဖြည်း ငြိမ်သက် သွားလေတော့သည်။

Z Z Z

ဒုတိယ ဇာတ်သိမ်းပိုင်း–ပြီး၏

နန္ဒကျော်သူ

၂၀

A. B. C